ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)

၁၃၈၄ ခုနှစ်၊ တန်ခူးလဆန်း ၁၀ ရက်၊ ကြာသပတေးနေ့။ Thursday, 30 March 2023 ၁၁၀၅၅

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။
၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။
၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။
၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။
၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပြည်တွင်း MSME များမှ ထုတ်လုပ်သည့်ကုန်စည်များကို သွင်းကုန်အစားထိုးအသုံးပြုနိုင်ရန် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိအောင် အဓိက ထိုးနှက်ဟန့်တား နှောင့်ယှက်နေမှုသည် အခွန်မဆောင်ဘဲ ပြည်ပက တရားမဝင်တင်သွင်းလာသည့် ကုန်စည်များဖြစ် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူနိုင်မှသာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာမည်

နေပြည်တော် မတ် ၂၉

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃) ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ ကျင်းပရာ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးတွင် ဦးဆောင်ကော်မတီဥက္ကဋ္ဌက ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ကိုပြင်ဆင်ဖွဲ့စည်းခဲ့ပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၁၂)ရပ်ကို ပြင်ဆင်ချမှတ်ကာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ပြည်သူ့

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

**ယနေ့ ဖတ်စရာ**

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး** စာမျက်နှာ » ၅

**ဂျာမနီခရီးစဉ်အတွင်း မျက်မြင်ကြုံတွေ့ခဲ့ရသော ၁၈ ရာစုဆီက မြန်မာမင်း၏ သံတမန်ဆိုင်ရာ ရွှေပေလွှာ** ဆောင်းပါး စာမျက်နှာ » ၆

**(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၉ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ** စာမျက်နှာ » ၉

ကြေးမုံ

# တိုင်းပြည်အနာဂတ်ရှေးရှုမျှော်တွေး တိုင်းရင်းသားများအား အာမခံပေး

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်ပဋိပက္ခများမှာ ယနေ့ထက်တိုင်ဖြစ်ပွားနေဆဲဖြစ်သည်။ ကမ္ဘာပေါ်ရှိ နိုင်ငံများစွာတို့တွင်လည်း ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ပုံစံအမျိုးမျိုးဖြင့်ရှိခဲ့ပြီး အချိန်ကာလတစ်ခုတွင် တွေ့ဆုံဆွေးနွေးအဖြေရှာ၍ ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေကြပြီ။ ပဋိပက္ခများ အဆုံးသတ်ပြီး ငြိမ်းချမ်းရေးဖြစ်တည်လာခြင်းသည် တိုင်းပြည်အနာဂတ်ကို မြော်တွေး၍ ပြည်သူများ၏ဘဝအာမခံချက်ပေးမည်ဟူသည့် ခံယူချက်ကြောင့်ဖြစ်သည်။

မြန်မာနိုင်ငံတွင်ဖြစ်ပေါ်ခဲ့သည့် ပဋိပက္ခများထက် အဆပေါင်းများစွာ ဆိုးရွားသည့် လက်နက်ကိုင်ပဋိပက္ခများ နိုင်ငံအချို့တွင် တွေ့နိုင်သည်။ နိုင်ငံရေးကို လက်နက်ကိုင်နည်းလမ်းဖြင့် အဖြေမရှာနိုင်သည်ကို နားလည်သဘောပေါက်သဖြင့် လက်နက်ကိုင်နည်းလမ်းကိုစွန့်လွှတ်ကာ နိုင်ငံကို ဝိုင်းဝန်းတည်ဆောက်ကြသဖြင့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများ ဖြစ်လာသည်ကိုလည်း လေ့လာကြည့်နိုင်သည်။ လက်နက်ကိုင်နည်းလမ်းကို ရပ်တန့်နိုင်ခြင်းသည် အတိတ်ကအမုန်းတရားများကို သင်ပုန်းချေပြီး အတူလက်တွဲဆောင်ရွက်မည်ဆိုသည့် ခံယူချက်ကို ထားရှိနိုင်သောကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်တွင် နိုင်ငံအများစုသည် ဒီမိုကရေစီစနစ်ကိုလက်ခံကျင့်သုံးနေပြီး ဒီမိုကရေစီဆိုသည်မှာ မတူကွဲပြားသူများ အတူလက်တွဲဆောင်ရွက်နိုင်ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့သည်မှာ နှစ်ပေါင်း ၇၀ ကျော်၊ မျိုးဆက်တစ်ခုမက ကြာမြင့်ခဲ့ပြီဖြစ်သည်။ မငြိမ်းချမ်းသောအကျိုးဆက်ကြောင့် လူမှုစီးပွားဘဝအခက်အခဲများ၊ ဖွံ့ဖြိုးတိုးတက်မှုများနှင့်အလှမ်းဝေးပြီး နိုင်ငံများကြားတွင် နောက်ကျကျန်နေခဲ့ပြီဖြစ်သည်။ တိုင်းရင်းသားပြည်သူများမှာ မရေရာသောဘဝများ၊ အနာဂတ်အာမခံချက်များနှင့် ဝေးနေသည်။ ငြိမ်းချမ်းရေးဟူသောစကားသုံးလုံးကို လူတိုင်းနားလည်လက်ခံကြသော်လည်း လက်တွေ့ဖော်ဆောင်နိုင်ရေးတွင် ခက်ခဲနေသည်။ ငြိမ်းချမ်းရေးကို အလိုလားဆုံးအသိုက်အဝန်းမှာ ကိုယ်တိုင်ကြုံတွေ့နေရသောတိုင်းရင်းသားပြည်သူများနှင့် ရင်ဆိုင်ဖြေရှင်းနေသည့်တပ်မတော်သာဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်အဖြစ် သတ်မှတ်ခဲ့ပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေး၊ ရေရှည်တည်တံ့ခိုင်မြဲသည့် ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ရေးအတွက် နိုင်ငံတော်အကြီးအကဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်တိုင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ခေါင်းဆောင်များအား တွေ့ဆုံဆွေးနွေးနိုင်ရေး ဖိတ်ခေါ်ကမ်းလှမ်းခဲ့သည်။ ထိုသို့ဖိတ်ခေါ်ခဲ့ရာတွင် ယနေ့အထိ NCA တွင် လက်မှတ်ရေးထိုးပြီးဖြစ်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခြင်း မပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ သုံးဖွဲ့ စုစုပေါင်း ၁၀ ဖွဲ့တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နိုင်ငံရေးအရ ငြိမ်းချမ်းရေးရည်မှန်းချက်သို့ တည်ငြိမ်စွာဖြင့် လျှောက်လှမ်းနိုင်မည့်ရလဒ်များကို ဖော်ဆောင်နိုင်ခဲ့ပြီဖြစ်သည်။

NCA စာချုပ်ပါ သဘောတူညီချက်များသည် ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူအားလုံး၏ အနာဂတ်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှုထားပြီးဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများအပေါ် အာမခံထားချက်များပါဝင်သည့် NCA လမ်းကြောင်းပေါ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံး ပါဝင်လျှောက်လှမ်းသင့်ပေသည်။ အဓိကအချက်မှာ ပြည်ထောင်စုနှင့် တိုင်းရင်းသားပြည်သူတို့၏လိုလားချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် အတိတ်က ခါးသီးစွာကြုံတွေ့ခဲ့ရပြီးဖြစ်သည့် အမြင်ကျဉ်းမြောင်းသော လူမျိုးရေး၊ ဝါဒရေးတို့ကို ဖယ်ရှားပစ်နိုင်ရန် လိုအပ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်ပြီး မတူညီသည့်အယူအဆများကို တူညီသည့်ဘုံသဘောထားများဖြင့် ပေါင်းစည်းကြရန်လိုအပ်ပေသည်။

ငြိမ်းချမ်းရေးကို ဆောင်ရွက်ရာတွင် တစ်ဖက်နှင့်တစ်ဖက် သဘောထားကြီးစွာဖြင့် ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်သလို နိုင်ငံတော်အတွက် ဖြစ်နိုင်သည်များနှင့် ဖြစ်သင့်သည်များကို ချိန်ဆပြီး အကောင်းဆုံးဖြစ်အောင် ဆွေးနွေးအဖြေရှာနိုင်ကြစေလိုသည်။ "ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များဟာ နိုင်ငံရေးရဲ့အစိတ်အပိုင်းတစ်ရပ်ဖြစ်သော်လည်း နိုင်ငံရေးရဲ့လက်နက်တစ်ခုမဟုတ်ဘဲ နိုင်ငံတည်ဆောက်ရေးနဲ့ အမျိုးသားအကျိုးစီးပွားအတွက် အဓိကဦးတည်လုပ်ဆောင်မှသာ အနာဂတ်နိုင်ငံတည်ဆောက်ရေးကို အထောက်အကူဖြစ်စေမှာဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (၇၈) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ထည့်သွင်းပြောကြားထားသည်။

သို့ဖြစ်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံး ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ လာရောက်နိုင်ရန် အစဉ်အမြဲတံခါးဖွင့်ပေးလျက်ရှိပြီး တိုင်းပြည်အနာဂတ်ကို ရှေးရှုမြော်တွေး၍ တိုင်းရင်းသားပြည်သူများအား အာမခံချက်ပေးနိုင်ရေးအတွက် ငြိမ်းချမ်းရေးတွင် ပါဝင်လျှောက်လှမ်းကြပါရန် ဖိတ်ခေါ်အပ်ပါကြောင်း။ ။

## အစိုးရဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ ကျင်းပ

နေပြည်တော် မတ် ၂၉

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၇၀ တို့၌ အဋ္ဌမနေ့အဖြစ်လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို စာဖြေဌာန ၂၂၉ ဌာနတို့၌ ဒုတိယနေ့အဖြစ်လည်းကောင်း ဖြေဆိုကြသည်။

အစိုးရဓမ္မာစရိယစာမေးပွဲ အဋ္ဌမနေ့ကို စာရင်းသွင်း ၄၉၄ ပါး/ဦးအနက် ၂၈၃ ပါး/ဦး ဖြေဆိုကြသဖြင့် ၅၇ ဒသမ ၂၉ ရာခိုင်နှုန်း ဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလတန်း) ဒုတိယနေ့ကို စာရင်းသွင်း ၅၇၃၆၃ ပါး/ဦးအနက် ၄၅၈၁၂ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၉ ဒသမ ၈၇ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း



နေပြည်တော် မတ် ၂၉

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ်ရှိ သရက်တောကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ပထမဂန္ဓာရုံကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ အောင်မြေဗောဓိမ္ဗရိပ်သာ အလိုတော်ပြည့်ကျောင်းတိုက်၊ ဒေါပုံမြို့နယ်ရှိ မင်းနန္ဒာစာသင်တိုက်၊ မြောက်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာသီရိကျောင်းတိုက်၊ သာကေတမြို့နယ်ရှိ အောင်သီတာစာသင်တိုက်နှင့် အင်းစိန်မြို့နယ်ရှိ မြတ်သန္တာကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ကျိုင်းငမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ သရက်ပင်ကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ရွှေရတနာကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်ရှိ အောင်တော်မူကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရှမ်းပိဋကတ်ကျောင်းတိုက်နှင့် လားရှိုးမြို့နယ်ရှိ သဲအင်းဂူကမ္မဋ္ဌာန်းကျောင်းတိုက် တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန၊ တပ်ဖွဲ့/ဦးစီးဌာန များမှ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၉ - ၃ -၂၀၂၃)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၁၀၀ | ၈,၀၀၀ | ၁,၂၄၉ | ၁၀,၀၅၁,၃၀၀ |
| MTSH | ၃,၀၅၀ | ၃,၀၅၀ | ၁,၉၀၉ | ၅,၈၁၂,၅၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၂၈ | ၂၀၄,၄၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၂,၆၀၉ | ၃,၈၇၉,၃၅၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၂၂ | ၅၅,၀၀၀ |
| EFR | ၂,၆၅၀ | ၂,၆၅၀ | ၀ | ၀ |
| AMATA | ၄,၉၀၀ | ၄,၉၀၀ | ၃၈ | ၁၈၆,၂၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၂၈၀.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၃၀၅.၀၀ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၆၁.၄၇၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၇၅.၂၇ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၅၁၅ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၀၂.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၈၀.၃ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၉၄.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၆၁.၃၁ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

✪ ရှေ့ဖုံးမှ
လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးနိုင်ရေးတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၃) ဖြင့် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ကြောင်း။

**တရားမဝင်တင်သွင်းမှုများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ စီးပွားရေးဦးတည်ချက် (၄)ရပ်အနက် **"သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းများကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး"** ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အဓိကအတားအဆီးသည် **"တရားမဝင်ကုန်သွယ်မှုများ"** ဖြစ်ကြောင်း၊ ပြည်ပမှ တရားမဝင်တင်သွင်းမှုများကြောင့် ဈေးကွက်ယှဉ်ပြိုင်နိုင်မှု မရှိတော့သည့်အပြင် ပြည်တွင်း အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များ၏ တိုးတက်မှုကို များစွာ အဟန့်အတားဖြစ်စေကြောင်း၊ ထို့ပြင် ပြည်တွင်း MSME များမှ ထုတ်လုပ်သည့် ကုန်စည်များကို သွင်းကုန်အစားထိုးအသုံးပြုနိုင်ရန် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းမရှိအောင် အဓိက ထိုးနှက်ဟန့်တားနှောင့်ယှက်နေမှုသည် အခွန်မဆောင်ဘဲ ပြည်ပက တရားမဝင် တင်သွင်းလာသည့် ကုန်စည်များဖြစ်ကြောင်း၊ အကောက်ခွန်မဲ့ တင်သွင်းလာသည့် ကုန်စည်များကို တားဆီး၊ စစ်ဆေး၊ အရေးယူနိုင်မှု မရှိလျှင် ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်မှု ဦးမော့လာရန် ခက်ခဲနေဦးမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာ တားဆီးစစ်ဆေးပြီး ဥပဒေနှင့်အညီ အရေးယူနိုင်မှသာ ပြည်တွင်း MSME များ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလက ဖမ်းဆီးရမိအမှုတွဲ ၄၇၇ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဘီလီယံကျော်ဖြစ်ပြီး ဇန်နဝါရီလနှင့်နှိုင်းယှဉ်လျှင် အမှုတွဲ ၆၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၄ ဒသမ ၆၃ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ယခင်နှစ် အလားတူကာလနှင့် နှိုင်းယှဉ်လျှင် အမှုတွဲ ၂၃၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၈ ဒသမ ၈၆ ဘီလီယံ ပိုမိုဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးနိုင်ခြင်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၊ အကောက်ခွန်ဦးစီးဌာနနှင့် OSS ဌာနဆိုင်ရာများအနေဖြင့် ရေးဆွဲတင်ပြထားကြသည့် စီမံချက်များအတိုင်း ထိရောက်စွာ တားဆီးစစ်ဆေး ဆောင်ရွက်ခြင်းကြောင့်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ဖမ်းဆီးရမိမှုများ တိုးတက်လာခြင်းသည် တရားမဝင်ကုန်သွယ်မှုများ များနေသေးသည်ဟု ယေဘုယျ သုံးသပ်ရမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အဓိကထိုးနှက်နေသည့် တရားမဝင်ကုန်သွယ်မှုများ ထိထိရောက်ရောက်နှင့် အရှိန်အဟုန်မြှင့် ပူးပေါင်းတားဆီးဆောင်ရွက်သွားကြရန် လိုကြောင်း။

တရားမဝင် ကုန်သွယ်မှုများကို ဆောင်ရွက်နေကြသူများသည် ကုန်သွယ်မှုဆိုင်ရာ မူဝါဒ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ၏ ဟာကွက်၊ ပျော့ကွက်နှင့် အားနည်းချက်များအပြင် ကုန်တင်ယာဉ်အားလုံး ရာနှုန်းပြည့် ကုန်ချစစ်ဆေးရန် မဖြစ်နိုင်သည့်အခြေအနေများနှင့် လုံခြုံရေးအရ ကန့်သတ်ချက်များအပေါ် အခွင့်ကောင်းယူ၍ နည်းမျိုးစုံ တရားမဝင် တင်ပို့၊ တင်သွင်းခြင်းများ ကျူးလွန်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့ရကြောင်း။

ယခင်က တရားမဝင်ကုန်စည်များကို စစ်ဆေးရာတွင် ဝန်ထမ်းအင်အားကို အဓိကအခြေခံ၍ စစ်ဆေးခဲ့ကြကြောင်း၊ ကုန်သွယ်မှုပမာဏ ကြီးမားသည့်စခန်းများတွင် ဝန်ထမ်းအင်အား ပိုမိုအသုံးပြုစစ်ဆေးမှုများပြုလုပ်ခဲ့သည့်အတွက် စခန်းအကြီး၊ အသေးအပေါ် မူတည်၍ တရားမဝင်ကုန်သွယ်မှုများ သတ်မှတ်ဆောင်ရွက်ရန် အကြံပြုဆွေးနွေးကြစေလိုကြောင်း။

**စနစ်တကျ တားဆီးစစ်ဆေး**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ တစ်နှစ်ကျော်ကာလအတွင်း ဖမ်းဆီးရမိအမှုတွဲများအပေါ် သုံးသပ်ရာတွင် အများစုသည် ကုန်စည်အမျိုးအစားတူ တန်ချိန်ပိုမိုတင်ဆောင်ခြင်း (အပို)နှင့် တန်ဖိုးကြီးပစ္စည်းများကို အခွန်မဆောင်ဘဲ အခွန်ဆောင်ထားသည့် တန်ဖိုးနည်းပစ္စည်းများနှင့် ရောနှောသယ်ဆောင်ခြင်း (အလွဲ)များဖြစ်ကြောင်း၊ ထို့ကြောင့် တားဆီး၊ စစ်ဆေးရသည့် တာဝန်ကျဝန်ထမ်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များအပြင် အတွေ့အကြုံ၊ ဆင်ခြင်တုံတရားများနှင့်ပါ စနစ်တကျ သုံးသပ်ဆောင်ရွက် တားဆီးစစ်ဆေးကြရမည်ဖြစ်ကြောင်း။

> ❖ **ဖမ်းဆီးရမိမှုများ တိုးတက်လာခြင်းသည် တရားမဝင်ကုန်သွယ်မှုများ များနေသေးသည်ဟု ယေဘုယျသုံးသပ်ရမည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကို အဓိကထိုးနှက်နေသည့် တရားမဝင်ကုန်သွယ်မှုများ ထိထိရောက်ရောက်နှင့် အရှိန်အဟုန်မြှင့် ပူးပေါင်းတားဆီးဆောင်ရွက်သွားကြရန်လို**
>
> ❖ **တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအတွက် သမားရိုးကျ နည်းလမ်းများအပြင် ခေတ်နှင့်လျော်ညီသည့် နည်းစနစ်များကို အသုံးချဆောင်ရွက်သွားကြရမည်**
>
> ❖ **တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် ကုန်စည်သယ်ဆောင်ရာတွင် ကွန်တိန်နာကိုသာ အသုံးပြုပြီး E-Lock စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ဆောလျင်စွာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သင့်**

နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒ၊ လုပ်ထုံးလုပ်နည်းများကို လိုက်ပါဆောင်ရွက်ခြင်းမပြုဘဲ တရားမဝင်နည်းလမ်းဖြင့် ကုန်သွယ်မှုဆောင်ရွက်လိုသည့် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့် တရားမဝင်နည်းလမ်းပေါင်းစုံ အသုံးပြုဆောင်ရွက်ကြရာတွင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်းအချို့ကို ချဉ်းကပ်၍ စစ်ဆေးရေးစခန်းများကို ကျော်ဖြတ်ရန် ကြိုးပမ်းလာကြသည်ကို ဖြစ်စဉ်များအရ တွေ့ရကြောင်း၊ စစ်ဆေးရန် တာဝန်ထမ်းဆောင်ကြရသည့် ဝန်ထမ်းများအနေဖြင့် တွေ့ကြုံရသည့် အခြေအနေများကို အနီးစပ်ဆုံး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ လည်းကောင်း၊ အနီးဆုံးတိုင်းစစ်ဌာနချုပ်များသို့ လည်းကောင်း အချိန်နှင့်တစ်ပြေးညီ အဆင့်ဆင့် သတင်းပို့တင်ပြ၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တားဆီးအရေးယူ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ချက်ချင်းတားဆီးရန် မဖြစ်နိုင်သည့် အခြေအနေကြောင့် လွတ်သွားသည့် တရားမဝင်ကုန်စည်များ သယ်ဆောင်လာသည့်ယာဉ်များကို နောက်ဆုံးရောက်နေသည့်နေရာအထိ သက်ဆိုင်ရာနယ်မြေခံ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် Network ချိတ်ဆက်၍ တားဆီးအရေးယူသွားကြရမည်ဖြစ်ကြောင်း။

နယ်စပ်ဖြတ်ကျော် တရားမဝင်ပို့ကုန်များ တစ်ဖက်နိုင်ငံသို့ မရောက်ရှိစေရေးနှင့် တရားမဝင်သွင်းကုန်များ မိမိနိုင်ငံဘက်သို့ မဝင်ရောက်လာစေရေးအတွက် အိမ်နီးချင်းကောင်းပီသစွာ နှစ်နိုင်ငံအစိုးရချင်း ဆွေးနွေးညှိနှိုင်း ပူးပေါင်းတိုက်ဖျက်ရန် လိုအပ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ရည်မှန်းပြင်ဆင်ထားကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုသည် မိမိတို့တစ်နိုင်ငံတည်း ရင်ဆိုင်ဖြေရှင်းနေရသည့် ပြဿနာမဟုတ်ဘဲ နိုင်ငံတိုင်းလိုလို ရင်ဆိုင်နေကြရသည့်ကိစ္စရပ်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုကို တားဆီးအရေးယူဆောင်ရွက်ရာတွင် အခြားနိုင်ငံများ၏ နည်းလမ်းကောင်းများကိုလေ့လာပြီး မိမိတို့နိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီမည့် နည်းလမ်းများကို ဖော်ထုတ်အသုံးချ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အဂတိတရား ကင်းရှင်းကြရမည်**

တရားမဝင်ကုန်သွယ်မှုကို တားဆီးကြရသည့် ဝန်ထမ်းများအနေဖြင့် အဂတိတရား ကင်းရှင်းကြရမည်ဖြစ်ကြောင်း၊ ယခင်က တရားမဝင် ကုန်စည်များကိုသာ အဓိကအရေးယူဆောင်ရွက်ခဲ့သော်လည်း နောက်ပိုင်းတွင် အဆိုပါ တရားမဝင်ကုန်စည်များ ဝင်ရောက်လာသည့်လမ်းကြောင်း၊ ဖြတ်သန်းလာသည့် စစ်ဆေးရေးဂိတ်များနှင့် ဖြတ်သန်းသယ်ဆောင်ပုံနည်းလမ်းများကိုပါ နောက်ကြောင်းပြန်စစ်ဆေးမှုများပြုလုပ်နေပြီဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတွင် ပါဝင်ပတ်သက်ခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့် တစ်နည်းနည်းဖြင့် ဖော်ထုတ်အရေးယူခံရမည်ကို အသိပေးလိုကြောင်း၊ ထို့အတူ လုံခြုံရေးအသိ၊ လုံခြုံရေးသတိ အမြဲရှိနေကြရမည်ဖြစ်ပြီး လုံခြုံရေးအတွက် ကြိုတင်ပြင်ဆင်မှုများ စနစ်တကျ စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရမိကုန်စည်များ ခန့်မှန်းတန်ဖိုး တွက်ချက်ရာတွင် ဖောင်းပွမှုမရှိစေရေး ဂရုပြုကြရန်နှင့် လုပ်ထုံးလုပ်နည်းနှင့်အညီ မှန်မှန်ကန်ကန် တန်ဖိုးသတ်မှတ်ကြရမည်ဖြစ်ကြောင်း၊ ဖမ်းဆီးရမိကုန်စည်များကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုခွဲရောင်းချပြီး ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာများ နိုင်ငံတော်က ရရှိရန်လိုအပ်ကြောင်း၊ ဖမ်းဆီးမှုများရှိပြီး လေလံမတင်မီ ဖမ်းဆီးပစ္စည်းများ ပျက်စီးဆုံးရှုံးသွားမည်ဆိုပါက ဖမ်းဆီးပေးသူများ၏ ကြိုးစားအားထုတ်မှုများသည် အချည်းနှီးဖြစ်ရပြီး နိုင်ငံတော်ဘဏ္ဍာလည်း ဆုံးရှုံးရကြောင်း၊ ထို့ကြောင့်ဖမ်းဆီးရမိပစ္စည်းများကို တာဝန်ယူ ဆောင်ရွက်ကြရသည့် ဌာနများအနေဖြင့် စနစ်တကျ ကြပ်မတ်စီမံဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေ**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၁၂)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် **"တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး"**သည် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို ယခုထက် ပိုမိုတားဆီး၊ စစ်ဆေး၊ အရေးယူဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေ ကြိုးစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ရေရှည်တွင် တရားမဝင်ကုန်သွယ်မှု လျော့နည်းကျဆင်းရေးအတွက် Box Truck၊ ကွန်တိန်နာများကို အသုံးပြုပြီး ကုန်သွယ်မှုပြုစေခြင်း၊ ခေတ်မီနည်းပညာများကို အသုံးပြုခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆွေးနွေးညှိနှိုင်းခြင်း ၊ တရားမဝင် တင်သွင်းလာသည့်ကုန်စည်များ ဈေးကွက်အတွင်း လက်လီ၊ လက်ကား ရောင်းချမှုမရှိစေရေး တားဆီး၊ စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့များ၊ ဌာနဆိုင်ရာများနှင့် မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် တာဝန်ရှိသူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ဦးဆောင်ကော်မတီသို့ သတင်းပေးပို့ကြစေလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၄ သို့ ✪

တားဆီးနိုင်ခြင်း ကွာခြားပါကြောင်း၊ ခေတ်စနစ်နှင့်အညီ အကောက်ခွန်ဦးစီးဌာန၏ MACCS စနစ်၊ ကုန်သွယ်ရေးဦးစီးဌာန၏ Myanmar Tradenet 2.0 နှင့် QR Code စနစ်များကို အသုံးပြုလာသည့်အတွက် ကုန်စည်စီးဆင်းမှု ပိုမိုမှန်ကန် မြန်ဆန်လာသကဲ့သို့ တရားမဝင်ကုန်သွယ်မှုများ ပိုမိုထိရောက်စွာ တားဆီးအရေးယူနိုင်လာသည်ကို တွေ့ရကြောင်း၊ စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် စနစ်နှင့် ဝန်ထမ်းကို ဟန်ချက်ညီညီ အသုံးပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သို့မှသာ ထိရောက်သည့် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဖြစ်လာမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအတွက် သမားရိုးကျ နည်းလမ်းများအပြင် ခေတ်နှင့်လျော်ညီသည့် နည်းစနစ်များကို အသုံးချဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**E-Lock စနစ် ဆောလျင်စွာ အကောင်အထည်ဖော်သင့်**

တရားမဝင်ကုန်သွယ်မှုလျော့နည်းကျဆင်းရေးအတွက် ကုန်စည်သယ်ဆောင်ရာတွင် ကွန်တိန်နာကိုသာ အသုံးပြုပြီး E-Lock စနစ်ဖြင့် ဆောင်ရွက်ခြင်းကို ဆောလျင်စွာ စတင်အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြောင်း၊ ထို့ပြင် တရားမဝင်တင်သွင်းလာသည့် ကုန်စည်များကို လက်လီလက်ကားအရောင်းဆိုင်များနှင့် Shopping Mall များမှတစ်ဆင့် ဈေးကွက်အတွင်း ဖြန့်ချိခြင်းနှင့် လက်လီရောင်းချခြင်းများ မပြုလုပ်စေရန် အသိပညာပေးခြင်း၊ သတိပေးခြင်း၊ တားဆီးခြင်း၊ စစ်ဆေးခြင်း၊ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခြင်းတို့အတွက် အချိန်ကာလ သတ်မှတ်ဆောင်ရွက်ရန် အကြံပြုဆွေးနွေးကြစေလိုကြောင်း။

> ❖ **ချက်ချင်းတားဆီးရန် မဖြစ်နိုင်သည့်အခြေအနေကြောင့် လွတ်သွားသည့် တရားမဝင်ကုန်စည်များ သယ်ဆောင်လာသည့်ယာဉ်များကို နောက်ဆုံးရောက်နေသည့်နေရာအထိ သက်ဆိုင်ရာနယ်မြေခံ ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် Network ချိတ်ဆက်၍ တားဆီးအရေးယူသွားကြရမည်**

✪ စာမျက်နှာ ၃ မှ

ထို့နောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးညွန့်အောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံး လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဟန်ဝင်းအောင်၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဝင်းလွင်၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်ဇော်၊ ပဲခူးတိုင်းဒေသကြီးမှ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ဥက္ကဋ္ဌက တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၃) သို့ တင်ပြလာသည့်အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဦးဝင်းရှိန်နှင့် ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်လင်းထွန်း ၊ အခွန်အယူခံ ခုံအဖွဲ့ဥက္ကဋ္ဌနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြဆွေးနွေးကြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင်က တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ အစည်းအဝေး (၂/၂၀၂၃) ဆုံးဖြတ်ချက် (မူကြမ်း)များကို ဖတ်ကြားတင်ပြသည်။

ယင်းနောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

သတင်းစဉ်



# ပြည်သူများအတွက် ထိရောက်သည့် ဥပဒေဝန်ဆောင်မှုများ ပေးနိုင်သော ဥပဒေအရာရှိကောင်းများဖြစ်စေရန် ကြိုးစားအားထုတ်

**နေပြည်တော် မတ် ၂၉**

ဥပဒေအရာရှိ အဆင့်-၄(အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၃) သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေရေးရာဝန်ကြီးဌာနသည် တရားဥပဒေစိုးမိုးရေးဆီသို့ ဟူသည့် မဟာဗျူဟာစီမံကိန်း (၂၀၁၅-၂၀၁၉)ကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ထပ်မံ၍ တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှုဟူသည့် မဟာဗျူဟာစီမံကိန်း(၂၀၂၀-၂၀၂၄)ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် ဥပဒေဝန်ဆောင်မှုပေးနေသည့် ဝန်ကြီးဌာနဖြစ်ကြောင်း၊ ဥပဒေမူကြမ်းများကို စိစစ်အကြံပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ စာချုပ်စာတမ်းများ၊ စီးပွားရေးစာချုပ်စာတမ်းများကို စိစစ်အကြံပေးခြင်း၊ တရားစွဲအမှုလိုက် လုပ်ငန်းများနှင့် သက်ဆိုင်ခြင်းမရှိသော ဥပဒေရေးရာကိစ္စရပ်များကို ဥပဒေအကြံပေးခြင်း၊ တရားစွဲအမှုလိုက်လုပ်ငန်းများတွင်လည်း နိုင်ငံတော်ဘက်မှ လိုက်ပါဆောင်ရွက်ခြင်း စသည့်ဥပဒေဝန်ဆောင်မှုအမျိုးမျိုးကို ပေးအပ်လျက်ရှိကြောင်း။

ထို့ပြင် ဥပဒေဝန်ဆောင်မှုအနေဖြင့် မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (MLIS)ကိုလည်း တည်ထောင်ထားရှိကြောင်း၊ သင်တန်းတွင် သင်တန်းသားများ သိသင့်သိထိုက်သည့် ဥပဒေများ၊ နည်းဥပဒေများ၊ ရုံးလုပ်ငန်းနှင့် တရားစွဲအမှုလိုက်ကိစ္စများ၊ မဟာဗျူဟာစီမံကိန်း၊ ဥပဒေအရာရှိကျင့်ဝတ်၊ မျှတသော တရားစီရင်ရေးဆိုင်ရာ စံနှုန်းများဖြင့် ပြည့်ပြည့်စုံစုံ ပို့ချပေးမည့်အပြင် ပြင်ပ ပညာရှင်များ၊ မှုခင်းရဲတပ်ဖွဲ့နှင့် မှုခင်းဆရာဝန်ကြီးအား ဖိတ်ခေါ်၍ ပို့ချပေးမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းတွင် သင်ကြားပို့ချချက်များကို ကြိုးစားသင်ယူလေ့လာမှတ်သားကာ ပြည်သူများအတွက် ထိရောက်သော ဥပဒေဝန်ဆောင်မှုများ ပေးနိုင်သော ဥပဒေအရာရှိကောင်းများ ဖြစ်စေရန် ကြိုးစားအားထုတ်ကြစေလိုကြောင်း ပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ်၊ တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသားသင်တန်းသူ ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) ၁၀၀ တို့ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

# စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/ ၂၀၂၂-၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၉**

စက်ပစ္စည်းကြီးကြပ်မှုကော်မတီ၏ (၂/၂၀၂၂-၂၀၂၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ စက်ပစ္စည်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက စက်ပစ္စည်းကြီးကြပ်မှုကော်မတီကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၆-၉-၂၀၂၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၈/၂၀၂၂) အရ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီတို့အနေဖြင့် စက်ပစ္စည်းဝယ်ယူခြင်း ဆောင်ရွက်ရာတွင် ရန်ပုံငွေမလုံလောက်၍သော်လည်းကောင်း၊ မဖြစ်မနေ ဆောင်ရွက်ရမည့်ကိစ္စရပ်များကြောင့်သော်လည်းကောင်း ရန်ပုံငွေလွှဲပြောင်းသုံးစွဲရာ၌ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို တစ်ပြေးညီဆောင်ရွက်နိုင်ရန်အတွက် စက်ပစ္စည်းအသုံးစရိတ်မှ ရန်ပုံငွေ လွှဲပြောင်းသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်ကို ၃၀-၁၂-၂၀၂၂ ရက်စွဲပါ ညွှန်ကြားချက် အမှတ် (၁/၂၀၂၂) ဖြင့် ထုတ်ပြန်ခြင်းများ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

စက်ပစ္စည်း ကြီးကြပ်မှုကော်မတီသည် နိုင်ငံတော်၏ စက်ပစ္စည်းကဏ္ဍနှင့်ပတ်သက်၍ အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် အစိုးရဌာနဆိုင်ရာများနှင့် စက်ပစ္စည်းဝယ်ယူမှု၊ စက်ပစ္စည်းအသုံးပြုမှုများနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အတွက် ကောင်းမွန်သည့် အထောက်အပံ့ဖြစ်စေရန် ကော်မတီ၏မူဝါဒ၊ လုပ်ငန်းတာဝန်များနှင့်အညီ စနစ်တကျ စိစစ်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ အဖွဲ့ဝင်များအနေဖြင့် ယနေ့အစည်းအဝေးတွင် ဌာနဆိုင်ရာများမှ တင်ပြလာသည့် ရန်ပုံငွေလွှဲပြောင်း သုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များအပေါ် စိစစ်အတည်ပြုပေးကြရန်နှင့် ကော်မတီမှ ဆောင်ရွက်နေသည့်လုပ်ငန်း တာဝန်များနှင့်စပ်လျဉ်း၍ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရန်၊ လုပ်ငန်းများအဆင်ပြေစွာ ဆောင်ရွက်နိုင်ရန်တို့အတွက် ရင်းနှီးပွင့်လင်းစွာ ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးကြရန် ဖိတ်ခေါ်ကြောင်း ပြောကြားသည်။

ထို့နောက် သက်ဆိုင်ရာကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှ တင်ပြသည့်အမှုတွဲ အစောင် ၃၀ နှင့် ပတ်သက်၍လည်းကောင်း၊ စက်ပစ္စည်းကြီးကြပ်မှုကော်မတီအတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဗဟိုစက်ပစ္စည်း စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် (နိုဝင်ဘာလမှ မတ်လအထိ) ငါးလတာကာလအတွင်း ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများမှတင်ပြသည့် အမှုတွဲ ၁၅၄ စောင်ကို စိစစ်ဆောင်ရွက်ခဲ့မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



# လျှပ်စစ်သုံး မော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် မတ် ၂၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် N.P.K Motors Co., Ltd က တင်သွင်းလာသော MG, MG4 အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ် ၁၀ စီးသည် ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ယာဉ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့် ပြုထားကြောင်း သိရသည်။

သတင်းစဉ်

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် မတ် ၂၉

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCAလက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ဆွေးနွေးညှိနှိုင်းရေးအဖွဲ့တို့၏ အလွတ်သဘော တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(အငြိမ်းစား)၊ ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၊ ဦးလှမောင်ရွှေ ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် အထောက်အကူပြုအဖွဲ့ဝင် ဗိုလ်မှူးကြီး အောင်ကျော်ထွန်း၊ NCA–S–EAO အလွတ်သဘော ဆွေးနွေးညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း(RCSS)၊ ဒုတိယအဖွဲ့ခေါင်းဆောင်များဖြစ်ကြသည့် စောမြရာဇာလင်း(ALP) နှင့် နိုင်အောင်မငေး(NMSP)၊ အဖွဲ့ဝင်များဖြစ်ကြသည့် စောကျော်သန်းဌေး (DKBA)၊ စောကျော်ညွှန့် (KNU/KNLA–PC)၊ ကျာဖူး(LDU)၊ ခွန်မင်းသိန်း (PNLO)နှင့် အထောက်အကူပြု ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆွေးနွေးပွဲ နှစ်ရက်တာအတွင်း အားလုံးပါဝင်သည့် ငြိမ်းချမ်းရေးဆွေးနွေးမှု အခင်းအကျင်းတစ်ရပ် ပေါ်ပေါက်ရေးကိစ္စ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အဆင့်ဆင့်ဆိုင်ရာကိစ္စ၊ ဖက်ဒရယ်အခြေခံမူများကိစ္စ၊ အရပ်သားများ ကာကွယ်ပေးရေးဆိုင်ရာကိစ္စ၊ နှစ်ဖက်ဘုံသဘောတူညီချက်များ ရရှိနိုင်ရေးကိစ္စ၊ ဒေသတည်ငြိမ်ရေးကိစ္စ၊ ရွေးကောက်ပွဲကျင်းပရေးကိစ္စ၊ ငြိမ်းချမ်းရေးညီလာခံ ကျင်းပရေးကိစ္စနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှ အခြေခံကျသော ပုဒ်မများကို ပြင်ဆင်နိုင်ရေးကိစ္စရပ်များအား နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ ထို့နောက် အထွေထွေကိစ္စရပ်များအား ဆွေးနွေးခဲ့ကြပြီး နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များအရ နှစ်ဖက်သဘောထားစုစည်းချက်များအား မှတ်တမ်းတင်ကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပို့ကုန်လိုင်စင်များ အလိုအလျောက်ခွင့်ပြုထုတ်ပေးမည့် Tradenet 2.0 စနစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းပွဲ ကျင်းပ




ရန်ကုန် မတ် ၂၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူလျင်မြန်စေရေး အထောက်အကူဖြစ်စေရန် ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများကို အွန်လိုင်းမှ လျှောက်ထားထုတ်ယူနိုင်သော Tradenet 2.0 စနစ်အား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို အဆင့်လိုက် ဆောင်ရွက်သွားမည်ဖြစ်ရာ ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုများအားလုပ်ငန်းရှင်များသိရှိနိုင်ရန် အသိပညာပေးရှင်းလင်းပွဲကို ယနေ့နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းထွန်းဦးက ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှစ၍ လိုင်စင်စနစ်အားလုံးကို နေရာဒေသမရွေး စနစ်တစ်ခုတည်း အသုံးပြုနိုင်ရေး၊ လက်ရှိ ခေတ်စနစ်၊ မူဝါဒလုပ်ထုံးလုပ်နည်းများ၊ WTO, ASEAN အဖွဲ့အစည်းများမှ ချမှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့် Inline ဖြစ်စေရေး၊ National Single Window စနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် လိုင်စင်စနစ်အား Re–engineering ပြုလုပ်ရန်အတွက် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလမှစ၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းနှင့် Myanmar Tradenet 2.0 စနစ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးကျော်ဒေဝက UMFCCI အနေဖြင့် ဌာနနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် ပို့ကုန်/သွင်းကုန်ကဏ္ဍ၌ လိုင်စင်လျှောက်ထားခြင်း အရေးပါမှုတို့ကို လည်းကောင်း၊ ကုန်သွယ်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ချိုသက်မူက HS 2022 Version တွင် Automatic, Non–Automatic သတ်မှတ်ထားမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ရည်ရည်မွန်က Tradenet 2.0 စနစ်မှ အလိုအလျောက် ပို့ကုန်လိုင်စင် ခွင့်ပြုထုတ်ပေးခြင်းနှင့်ပတ်သက်၍ စနစ်အသုံးပြုမှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသော လုပ်ငန်းရှင်များနှင့် အွန်လိုင်းမှတက်ရောက်သူများက သိရှိလိုသည်တို့ကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

Tradenet 2.0 စနစ် အဆင့်မြှင့်တင်ခြင်း၏ ပထမအဆင့်တွင် လက်ရှိအသုံးပြုလျက်ရှိသည့် HS 2017 Version မှ 2022 Version သို့ ပြောင်းလဲသုံးစွဲသွားမည်ဖြစ်ပြီး ယခင်ကလိုင်စင်လျှောက်ထားရန် မလိုဘဲ ပို့ကုန်ကြေညာလွှာ(ED)ဖွင့်လှစ်၍ တင်ပို့နေသော ကုန်ပစ္စည်းများအားလုံး ပို့ကုန်လိုင်စင် လျှောက်ထားရမည်ဖြစ်ကြောင်း၊ Automatic ကုန်စည်အဖြစ် သတ်မှတ်ထားသော ကုန်စည်များကို ပို့ကုန်လိုင်စင်လျှောက်ရာ၌ ဌာန၏ ဝန်ထမ်းမှစိစစ်ရန် မလိုဘဲ စနစ်မှအလိုအလျောက်စစ်ဆေး၍ ခွင့်ပြုသွားမည်ဖြစ်ပြီး Non–Automatic ကုန်စည်အဖြစ် သတ်မှတ်ထားသော ကုန်စည်များကို ယခင် Tradenet 2.0 တွင် လိုင်စင်လျှောက်ထားသကဲ့သို့ ပုံမှန်အတိုင်းဆောင်ရွက်ကာ သက်ဆိုင်ရာဝန်ထမ်းများက သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှစ၍ ပို့ကုန်ပိုင်း၌ ပင်လယ်ရေကြောင်းနှင့် နယ်စပ်နေရာ နှစ်နေရာလုံးတွင် လိုင်စင်လျှောက်ထားရမည်ဖြစ်ပြီး မြန်မာ့အကောက်ခွန်နှုန်းထားစာရင်း ၂၀၂၂ အရ ကုန်စည်လိုင်းပေါင်း ၁၁၈၄၉ လိုင်းတွင် ၁၀၂၉၃ လိုင်းကို Automatic ကုန်စည်များအဖြစ် ခွင့်ပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဒုတိယအဆင့်အနေဖြင့် သွင်းကုန်လိုင်စင် လျှောက်ထားမှုအပိုင်းကို ခွဲတမ်း(Quota) နှင့် ပတ်သက်၍ သက်ဆိုင်ရာကုမ္ပဏီအလိုက် ခွင့်ပြုချက်ရရှိထားသော Quota အရေအတွက်နှင့် လိုင်စင်လျှောက်ထားမှုကို စနစ်မှအလိုအလျောက် စစ်ဆေးပြီး လက်ကျန်စိစစ်ထုတ်ပေးနိုင်သည့် အဆင့်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး သွင်းကုန်လိုင်စင်ထုတ်ပေးမှုကိုလည်း စနစ်မှအလိုအလျောက် ထုတ်ပေးနိုင်ရေးအဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း၏ ထောက်ခံချက်ဖြင့်ထုတ်ပေးသည့် CMP လိုင်စင်များနှင့်ပတ်သက်၍ MIA အသင်း၏ အွန်လိုင်းစနစ်ဖြင့် Tradenet 2.0 စနစ်တို့ကို စနစ်အချင်းချင်း ချိတ်ဆက်နိုင်ရေး၊ ပို့ကုန်/သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်ခွင့်ပြုသည့်အချိန်တွင် အခွန်ထမ်းမှတ်ပုံတင်ထားခြင်း ရှိ၊ မရှိ စစ်ဆေး၍ ခွင့်ပြုနိုင်ရေးအတွက် ပြည်တွင်းအခွန်ဦးစီးဌာန၏ အခွန်ထမ်းမှတ်ပုံတင်စနစ်ဖြင့်လည်း ချိတ်ဆက်နိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် လိုင်စင်ဆိုင်ရာ ထောက်ခံချက်ပေးသော အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ e–Submission စနစ်၊ စိုက်ပျိုးရေးဦးစီးဌာန၏ Myanmar Agricultural Imports Registration (MAIRS) စနစ်တို့နှင့် စနစ်အချင်းချင်းချိတ်ဆက်၍ လိုင်စင်ဆိုင်ရာ ထောက်ခံချက်များကို အပြန်အလှန်ချိတ်ဆက်ရယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကာ ကုန်သွယ်မှုဆိုင်ရာ ငွေကြေးပေးချေမှုတွင် MPU e–Commerce Pay စနစ်အပြင် လုပ်ငန်းရှင်များအနေဖြင့် မည်သည့်ငွေပေးချေမှုနှင့်မဆို ဆောင်ရွက်နိုင်ရန် MCB Citizen Pay စနစ်ဖြင့် ပေးချေနိုင်ရေးတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ဧပြီ ၁ ရက်မှစ၍ စတင်အသုံးပြုနိုင်ရေးကို လျာထားဆောင်ရွက်လျက်ရှိကြောင်း။

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကုန်သည်လုပ်ငန်းရှင်များ ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်စေရေးအတွက် Automatic လိုင်စင်ထုတ်ပေးခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ခွင့်ပြုပါက သတ်မှတ်ရက်အတွင်း လိုင်စင်ထုတ်ယူရမည်ဖြစ်ကာ သတ်မှတ်ရက်အတွင်း မထုတ်ယူပါက ဆတိုးဒဏ်ကြေးများ ကုန်ကျမည့်အပြင် သုံးလအတွင်း လိုင်စင်ထုတ်ယူမှုမရှိသော ငါးကြိမ်ဖြစ်ပေါ်သည့်ကုမ္ပဏီများအား အမိန့်ကြော်ငြာချက် (၂၀/၂၀၂၂)ပါအတိုင်း လုပ်ငန်းလုပ်ကိုင်ခွင့်ကို ခြောက်လ ယာယီရပ်နားထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း– ညီမ်းသူ (သတင်းစဉ်)**

**ဓာတ်ပုံ– ကနူး**

# ဂျာမနီခရီးစဉ်အတွင်း မျက်မြင်ကြုံတွေ့ခဲ့ရသော ၁၈ ရာစုဆီက မြန်မာမင်း၏ သံတမန်ဆိုင်ရာရွှေပေလွှာ

ဒေါက်တာနန္ဒာမှန်း ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန

**ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး ချစ်ကြည်ရေးခရီးစဉ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့်ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံတို့အကြား အနာဂတ်တွင် ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးကိစ္စများ ပိုမိုဆောင်ရွက်နိုင်မည့်အစီအစဉ်များ ဆွေးနွေးရန် ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနက ဖိတ်ကြားခဲ့ရာ ပြည်ထောင်စုဝန်ကြီးဦးဆောင်၍ ယဉ်ကျေးမှုဝန်ကြီးဌာနမှ ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူးချုပ်နှင့် သမိုင်းသုတေသန ညွှန်ကြားရေးမှူးချုပ်တို့ ပါဝင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၃ ခုနှစ် မတ်လ ၃ ရက်နေ့မှ ၈ ရက်နေ့အထိ ဂျာမနီနိုင်ငံသို့ သွားရောက်ခဲ့ကြသည်။

၂၀၁၂ ခုနှစ်က ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်စဉ်က ဆွေးနွေးခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာသဘောတူညီချက် လက်မှတ်ရေးထိုးရေးနှင့် ရန်ကုန်မြို့တွင် ဂျာမနီနိုင်ငံမှ Goethe-Institute ဖွင့်လှစ်နိုင်ရေးတို့အတွက်လည်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးနိုင်ရေးတို့ ခရီးစဉ်တွင်ပါဝင်သည်။

**ခရီးစဉ်အတွင်းလေ့လာရေးသွားရောက်ခဲ့မှု**

ခရီးစဉ်အတွင်းလေ့လာနိုင်ရန် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက German Bundestag (ဂျာမန်ပါလီမန်အဆောက်အအုံ)၊ Gottfried Wilhelm Leibniz Library၊ Archaeological Institute၊ National Museum in Berlin / Pergamon Museum၊ Berlin State Library နှင့် Museum of Contemporary Art တို့ကို စီစဉ်ထားသည်။

Gottfried Wilhelm Leibniz Library မှ လွဲ၍ ကျန်လေ့လာရန်နေရာများမှာ ဘာလင်မြို့တော်၌ တည်ရှိကြသည်။ Gottfried Wilhelm Leibniz Library မှာ ဟာနိုဗာမြို့ (Hanover) ၌ တည်ရှိ၍ ရထားဖြင့် နေ့ချင်းပြန်သွားရောက်ခဲ့ရသည်။ အဆိုပါ စာကြည့်တိုက်သို့ သွားရောက်ရခြင်းမှာလည်း ဤခရီးစဉ်၏ အဓိကအရေးပါသောအကြောင်း ဖြစ်သည့် သက်တမ်းအားဖြင့် နှစ်ပေါင်း ၂၅၀ ကျော်ရှိ မြန်မာဘုရင် အလောင်းမင်းတရားကြီး၏ ရွှေပေလွှာကို သွားရောက်လေ့လာရန်အတွက်ဖြစ်သည်။

**သုတေသနပြုချက်၏ အရေးပါပုံ**

စင်စစ် ဂျာမနီနိုင်ငံ ဟာနိုဗာမြို့ (Hanover) ပေါ်ရှိ Gottfried Wilhelm Leibniz Library သို့ သမိုင်းတန်ဖိုးကြီးမားလှသော နှစ်ပေါင်း ၂၅၀ ကျော် သက်တမ်းရှိ မြန်မာဘုရင် အလောင်းမင်းတရားကြီး၏ ရွှေပေလွှာရောက်ရှိနေခြင်းသည်လည်း ထူးခြားနေသည်။ အဆိုပါရွှေပေလွှာသည် Gottfried Wilhelm Leibniz Library စာကြည့်တိုက်၏ ပစ္စည်းများ ထားသိုရာအခန်းတွင် လွန်ခဲ့သည့်နှစ်ပေါင်း နှစ်ရာကျော်ကတည်းက ထည့်ထားခဲ့ခြင်းဖြစ်ပြီး အကြီးတန်းသုတေသနအရာရှိ စာကြည့်တိုက်မှူး Dr Freidrich Hulsmann က အမှတ်မထင်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

သို့သော် မည်သည့်ဘာသာဖြင့်ရေးသားထားသည်၊ မည်သို့သောအကြောင်းအရာဖြစ်သည်ကိုမူ သူမသိရှိပေ။ ၂၀၀၇ ခုနှစ်တွင် ပြင်သစ်လူမျိုး သမိုင်းပညာရှင် Dr Jacques P Leider ကို အရေးတကြီး အကူညီတောင်းခံ၍ ရှေးဟောင်းစာပေအက္ခရာများဆိုင်ရာသုတေသနဖြင့် စတင်တိုက်ဆိုင်စစ်ဆေးမှုများကို ကွန်ပျူတာနည်းပညာအထောက်အကူဖြင့် ပြုလုပ်ခဲ့ရာ မည်သည့်ဘာသာ၏ အက္ခရာဖြစ်ကြောင်းကို နှစ်နှစ်ခန့်အကြာမှသာ ဖော်ထုတ်နိုင်ခဲ့သည်ဟု ရှင်းပြသည်။ သုတေသနပြုလုပ်ခြင်းကိုသာ စနစ်တကျနှင့် အချိန်ယူဆောင်ရွက်နိုင်ခြင်း မရှိပါက ဤသမိုင်းတန်ဖိုးကြီးသော အမွေအနှစ်ကို သိရှိရန်၊ မြင်တွေ့ဖူးရန်ဆိုသည်မှာ လုံးဝဖြစ်မလာနိုင်ပေ။

**ရွှေပေလွှာထားသိုရာ စာကြည့်တိုက်ဆီသို့**

မြန်မာကိုယ်စားလှယ်အဖွဲ့အနေဖြင့် ၂၀၁၃ ခုနှစ် မတ်လ ၅ ရက်နေ့ နံနက်ပိုင်းတွင် ဘာလင်မြို့မှ ဟန်နိုဘာမြို့သို့ ရထားဖြင့် ထွက်ခွာလာရာ ဦးစွာ ဟန်နိုဘာမြို့ပေါ်ရှိ Historical Museum of Hannover ပြတိုက်သို့ သွားရောက်လေ့လာပြီးမှ Gottfried Wilhelm Leibniz Library ၏ စာကြည့်တိုက်ညွှန်ကြားရေးမှူးရုံးခန်းတွင် ညွှန်ကြားရေးမှူး Dr . George Ruppelt က ကြိုဆိုဧည့်ခံကာ အကြီးတန်းသုတေသနအရာရှိ စာကြည့်တိုက်မှူး Dr . Freidrich Hulsmann က အလောင်းမင်းတရားထံမှ အင်္ဂလိပ်ဘုရင် ဒုတိယမြောက်ဂျော့ထံ ပေးပို့ခဲ့သော ရွှေပေလွှာနှင့်ပတ်သက်၍ အဆင့်ဆင့်သုတေသနပြုဆောင်ရွက်ပုံများကို ရှင်းပြသည်။



ရွှေပေလွှာကို ပထမဦးဆုံးစတင်တွေ့ရှိသုတေသနပြုသူ Dr. Freidrich Hulsmann (ဝဲဘက်အစွန်) က မြန်မာကိုယ်စားလှယ်အဖွဲ့အား ရွှေပေလွှာနှင့်ပတ်သက်၍ အဆင့်ဆင့်သုတေသနဆောင်ရွက်ပုံကို ရှင်းလင်းပြောကြားစဉ်။

ထို့နောက် သုတေသနအရာရှိက လက်အိတ်စွပ်၍ အတွင်းခန်းထဲတွင် သိမ်းထားသော အလူမီနီယံသေတ္တာတစ်လုံးကို သယ်ဆောင်လာသည်။ အဆိုပါသေတ္တာကို ဖွင့်လိုက်မှ အထဲတွင် မှန်သေတ္တာတစ်လုံးတွေ့ရှိရပြီး ပြသမည့်စားပွဲပေါ်သို့ တင်လိုက်သည်။ အဆိုပါမှန်သေတ္တာထဲတွင် အကန့်နှစ်ထပ်ပါဝင်ပြီး ရွှေပေလွှာကို ဖြန့်ခင်းထားသောအဆင့်နှင့် ဆင်စွယ်ဘူးထားထားသော အောက်ခြေအကန့်တို့ ပါဝင်သည်။ ကတ္တီပါစဖြင့် မှန်သေတ္တာကို ထပ်မံထုပ်ပိုးထားပြီး အထဲတွင် ဆင်စွယ်ဖြင့် ပြုလုပ်ထားသည့် ဘူးငယ်တစ်ခုကို တွေ့ရသည်။

အဆိုပါဘူးထဲမှ ရွှေအလိပ်တစ်ခုကို ထုတ်လိုက်ရာ တစ်ဖက်လျှင် ပတ္တမြား ၁၂ လုံးစီ စီခြယ်ထားသော ရွှေပေလွှာကို ရင်သပ်ရှုမောဖွယ်ရာ တွေ့ရသည်။ ရွှေပေလွှာသည် မပျက်စီးသေးသော်လည်း အတော်ပင် တွန့်ကြေနေသည်ကို လေ့လာတွေ့ရှိရသည်။ မြန်မာလူမျိုးတစ်ယောက်အနေဖြင့် မိမိတို့ မြန်မာဘုရင်တစ်ပါးက မိုင်ပေါင်းထောင်ချီဝေးကွာလှသောနိုင်ငံသို့ ပေးပို့ထားသည့် နှစ်ပေါင်း ၂၅၀ ခန့်က ရွှေပေလွှာကို စတင်၍ ကိုယ်တိုင်မြင်တွေ့လိုက်ရသည့်အခါ ဝမ်းသာ၊ ဝမ်းနည်း ခံစားမှုအတွေ့အကြုံကို တစ်ပြိုင်တည်းခံစားလိုက်ရသည်။

ဝမ်းသာသည်မှာ ဤသို့နှစ်ပေါင်း ၂၅၀ ခန့်က ယဉ်ကျေးမှုတန်ဖိုးကြီးမားလှသော ရွှေပေလွှာကို ကံကောင်းစွာမြင်တွေ့ခွင့် ရလိုက်၍ဖြစ်ပြီး ဝမ်းနည်းရသည်မှာ မိမိတို့နိုင်ငံ၏ဘုရင်က တလေးတစားပေးပို့ကာ လိုက်လျောမှုများဖြင့် ရေရှည်ချစ်ကြည်ရေးအတွက် နှိမ့်ချကာဆက်ဆံပြီး တန်ဖိုးရှိလှသော ရွှေပေလွှာကို ခက်ခဲစွာပေးပို့ခဲ့သည်ကို အကြောင်းမပြန်ကြားသည့်အပြင် အရေးတယူပြုလုပ်ခြင်း မခံရသည့်အတွက်ဖြစ်သည်။ တန်းတူဆက်ဆံမခံရခြင်း၊ အသိအမှတ်ပြုမခံရခြင်းတို့ကို မြန်မာတို့သည် ၁၈ ရာစုလောက်ကတည်းက ခါးသီးစွာခံလာရပေသည်။

**နှစ်ပေါင်း၂၅၀ ကျော်ကရွှေပေလွှာ**

သမိုင်းတန်ဖိုးကြီးမားလှသော ဤရွှေပေလွှာနှင့်ပတ်သက်၍ လေ့လာကြည့်လျှင်-

(၁) ရွှေပေလွှာ၏ ဝိသေသလက္ခဏာ (character)၊

(၂) ရွှေပေလွှာတွင် ပါဝင်သောအကြောင်းအရာ (content)၊

(၃) ရွှေပေလွှာနှင့်ပတ်သက်၍ ဆက်စပ်စဉ်းစားရန် (context) တို့ကို တွေ့ရပေမည်။

သမိုင်းဝင် သံတမန်ဆိုင်ရာရွှေပေလွှာမှာ ရွှေဖြင့်ပြုလုပ်ထားသော ထောင့်မှန်စတုဂံပုံသဏ္ဌာန်အပြားဖြစ်ပြီး မြန်မာဘာသာဖြင့် ထွင်းထိုးထားသည်။ ရွှေပြား၏ အစွန်းနှစ်ဖက်တွင် ပတ္တမြား ၁၂ လုံးစီကို အတန်းလိုက်စီတန်းထားသည်။ ရွှေပေလွှာမှာ အလျား ၅၄ ဒသမ ၇ စင်တီမီတာ၊ အနံ ၈ ဒသမ ၅ စင်တီမီတာ၊ အထူ ၀ ဒသမ ၂၂ မီလီမီတာခန့်ရှိပြီး အလေးချိန် ၁၀၀ ဂရမ်ခန့်ရှိသည်။ ရွှေနန်းတော်၏ တံဆိပ်အမှတ်အသားဖြစ်သော ဟင်္သာပုံကို ရွှေပေလွှာ၏ ဝဲဘက်ထိပ်တွင် ထွင်းထုထားသည်ကို တွေ့ရှိရသည်။ အဆိုပါ ရွှေပေလွှာကို ဆင်စွယ်ဖြင့် ပြုလုပ်ထားသော အမြင့် ၁၂ စင်တီမီတာခန့်ရှိ ဘူးထဲတွင် လိပ်၍ထည့်ထားသည်။ မူလရွှေပေလွှာအလိပ်ကို တွန့်ကြေမွနေအောင်လုပ်ထား၍ စာများပုံဖော်ရာတွင် အခက်အခဲများစွာရှိခဲ့ကြောင်း သိရှိရပေသည်။

**ရွှေပေလွှာတွင် ပါဝင်သောအကြောင်းအရာ**

အချိန်အားဖြင့် နှစ်နှစ်ခန့်ကြာအောင် ရှာဖွေဖော်ထုတ်ခဲ့ရသော မြန်မာအက္ခရာလက်ရေးမူပါ အကြောင်းအရာမှာ ၁၇၅၆ ခုနှစ်တွင် မြန်မာဘုရင် အလောင်းမင်းတရားက အင်္ဂလိပ်ဘုရင် ဒုတိယမြောက် ဂျော့ထံသို့ သံတမန်ဆိုင်ရာချစ်ကြည်ရေးရွှေပေလွှာပေးပို့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမြှင့်တင်ဆောင်ရွက်ရေးအတွက် အင်္ဂလိပ်တို့ဆောက်လုပ်လိုသည့် ပုသိမ်ဆိပ်ကမ်းကုန်သွယ်စခန်းအတွက် မြေနေရာကို ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။ ထိုသို့ဖြင့် ပိုမိုရင်းနှီးမှုမှသည် ကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်ပြီး အင်္ဂလိပ်တို့ထံမှ လက်နက်နှင့်အမြောက်များ ရရှိရန်လည်း မျှော်လင့်ထားသည့်သဘောရှိသည်။ ထို့အပြင် မြန်မာဘုရင်က သားစဉ်မြေးဆက်တိုင် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးအစွန့်ရှည်ရေးကိုလည်း မြော်တွေးထားကြောင်း ဖော်ပြထားသည်။

စာမျက်နှာ ၇ သို့ ✳

**“ အချိန်အားဖြင့် နှစ်နှစ်ခန့်ကြာအောင် ရှာဖွေဖော်ထုတ်ခဲ့ရသော မြန်မာအက္ခရာလက်ရေးမူပါ အကြောင်းအရာမှာ ၁၇၅၆ ခုနှစ်တွင် မြန်မာဘုရင် အလောင်းမင်းတရားက အင်္ဂလိပ်ဘုရင် ဒုတိယမြောက်ဂျော့ထံသို့ သံတမန်ဆိုင်ရာချစ်ကြည်ရေး ရွှေပေလွှာပေးပို့ပြီး နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမြှင့်တင်ဆောင်ရွက်ရေးအတွက် အင်္ဂလိပ်တို့ဆောက်လုပ်လိုသည့် ပုသိမ်ဆိပ်ကမ်းကုန်သွယ်စခန်းအတွက် မြေနေရာကို ခွင့်ပြုပေးလိုက်ခြင်းဖြစ်သည်။ ထိုသို့ဖြင့် ပိုမိုရင်းနှီးမှုမှသည် ကုန်သွယ်မှုဆက်ဆံရေးတိုးမြှင့်ပြီး အင်္ဂလိပ်တို့ထံမှ လက်နက်နှင့်အမြောက်များရရှိရန်လည်း မျှော်လင့်ထားသည့်သဘောရှိသည်။ ထို့အပြင် မြန်မာဘုရင်က သားစဉ်မြေးဆက်တိုင် နှစ်နိုင်ငံအကြား ချစ်ကြည်ရေးအစွန့်ရှည်ရေးကိုလည်း မြော်တွေးထားကြောင်း ဖော်ပြထား ”**

✳ စာမျက်နှာ ၆ မှ

**သံတမန်ဆိုင်ရာ ရွှေပေလွှာပေးပို့ရသည့်နောက်ခံ**

၁၈ ရာစုကာလတွင် အိန္ဒိယသမုဒ္ဒရာအတွင်းနှင့် ကမ်းရိုးတန်းဒေသများကို အင်္ဂလိပ်နှင့် ပြင်သစ်တို့က ကြီးစိုးလွှမ်းမိုးနိုင်ရန် အပြိုင်အဆိုင်ကြိုးပမ်းလာချိန်ဖြစ်သည်။ အင်္ဂလိပ်တို့၏ အရှေ့အိန္ဒိယကုမ္ပဏီသည် ကုန်သွယ်နယ်ချဲ့လာကြပြီး အလောင်းမင်းတရားထံလည်း မြန်မာနိုင်ငံအပေါ်ပိုင်းမှ စုဆောင်းရရှိသောကျွန်းသစ်များ ထားသိုရန် နယ်မြေအကာအရံဖြင့်ထားရှိရန် ပုသိမ်ဆိပ်ကမ်းမြေနေရာတောင်းဆိုကာ သဘောတူစာချုပ်ချုပ်ဆိုရေး တင်ပြကြသည်။ ဤတွင် မြန်မာဘုရင်အနေဖြင့် အင်္ဂလိပ်တို့၏ အရှေ့အိန္ဒိယကုမ္ပဏီနှင့် ဆက်ဆံရေးထက် အင်္ဂလိပ်ဘုရင်နှင့်သာ တန်းတူဆက်ဆံကာ ကုန်သွယ်ရေး ပိုမိုကောင်းမွန်စွာဆောင်ရွက်နိုင်ရန် လိုလားပုံရ၍ အာရှတိုက်မှ ဧကရာဇ်တစ်ဦးက အနောက်နိုင်ငံမှ ဘုရင်တစ်ပါးထံ သံတမန်စာရေးသားပေးပို့ခြင်းဖြစ်သည်။

ထိုစဉ်က မြန်မာ့နိုင်ငံရေးအခြေအနေမှာလည်း ပဲခူးဒေသတွင် ဟံသာဝတီဘုရင်က စစ်ခင်းနေချိန်ဖြစ်သည်။ အောက်မြန်မာနိုင်ငံတွင် ဟံသာဝတီဘုရင် ဗညားဒလကလည်း နိုင်ငံခြားသားအကူအညီများဖြင့် အလောင်းမင်းတရားနှင့် စစ်ခင်းနေကြပြီး ကုန်သွယ်ရာတွင် အဓိကကျသော သံလျင်ဆိပ်ကမ်းကို ဝိုင်းရံပိတ်ဆို့ကာ ဟံသာဝတီဘုရင်နှင့် အလောင်းမင်းတရားတို့အကြား စစ်ရှိန်မြင့်နေချိန်ဖြစ်သည်။

**မမျှော်လင့်သော သံတမန်လမ်းကြောင်း ဆက်သွယ်မှု စတင်လိုက်ခြင်း**

သမိုင်းတစ်ခေတ်တွင် အလောင်းမင်းတရား၏ ရွှေပေလွှာမှာ ထူးခြားသောအထောက်အထား စာတမ်းတစ်ခုအဖြစ် ကျန်ရှိစေခဲ့သည်မှာ ပထမဦးဆုံးအကြိမ် အာရှတိုက်မှ ဧကရာဇ်တစ်ဦးက

**❝ မျှော်လင့်ချက်များစွာဖြင့် မြန်မာဘုရင် အလောင်းမင်းတရားက အင်္ဂလိပ်ဘုရင် ဒုတိယမြောက်ဂျော့ထံ ပေးပို့ခဲ့သော ရွှေပေလွှာသည် အင်္ဂလိပ်ဘုရင်၏ စိတ်ဝင်တစား အရေးတယူဖတ်ရှုခြင်း မခံရသည်မှာလည်း သမိုင်းစာမျက်နှာအချိုးအကွေ့တစ်ခုတွင် သံတမန်ဆက်ဆံရေး မအောင်မြင်ခဲ့သည်ကို မီးမောင်းထိုးပြနေ**

**၁၈ ရာစုကတည်းက မြန်မာနိုင်ငံဘက်မှ အနောက်နိုင်ငံတချို့နှင့် ချစ်ကြည်ရေး ကြိုးပမ်းမှုများ ဆောင်ရွက်ခဲ့ကြသော်လည်း လိုတစ်မျိုး၊ မလိုတစ်မျိုးမှုများဖြင့် နိုင်ငံတချို့၏ နိုင်ငံတကာဆက်ဆံရေးပုံရိပ်များကား ၂၁ ရာစုတိုင် တွေ့မြင်နေရဆဲဖြစ်သည်ကို ယနေ့အခြေအနေများက သက်သေတည် ❞**

အနောက်နိုင်ငံက ဘုရင်တစ်ပါးထံ သံတမန်စာရေးသားပေးပို့သည့်အတွက်ဖြစ်သည်။ ငြိမ်းချမ်းစွာနေလိုသောဆန္ဒများဖြင့် တိုင်းတစ်ပါးသားတို့ကြာမြင့်စွာတောင်းဆိုလာခဲ့သော သဘောတူစာချုပ်ပါ အကြောင်းအရာများခွင့်ပြုရေးတို့အတွက် အဆင့်မြင့်စွာ စာဖြင့်ရေးသားသောသက်သေကို ချစ်ကြည်ရေးတိုးမြှင့်ရန်အတွက် ရေးသားပေးပို့ခဲ့ခြင်းဖြစ်သည်။

မမျှော်လင့်သော သံတမန်လမ်းကြောင်းဖြင့် ဆက်သွယ်ခဲ့စေကာမူ မြန်မာဘုရင်၏အကောင်းမြင်ဝါဒဖြင့် ရေရှည်ချစ်ကြည်ရေးမျှော်လင့်ချက်ဘက်ကို ကံက မျက်နှာသာမပေးခဲ့ပါချေ။ ကြမ္မာငင်ရန်ဖန်တီးလာသည်ကို စာပေးပို့ရေးလမ်းကြောင်းများ မအောင်မြင်ခြင်းက ပြသနေပေသည်။

အမှန်စင်စစ် အလောင်းမင်းတရားက အင်္ဂလိပ်ဘုရင် ဒုတိယမြောက်ဂျော့ထံ ပေးပို့ခဲ့သော ရွှေပေလွှာပေါင်းလေးခုရှိခဲ့ကြောင်း သုတေသနအရ သိရှိရသည်။ အဆိုပါလေးခုအနက် ယခုတွေ့ရှိရသောရွှေပေလွှာသာ ကျန်တော့ကြောင်း ထုတ်ဖော်တွေ့ရှိရသည်။ အလောင်းမင်းတရားကြီးက မြန်မာနိုင်ငံတွင် အခြေစိုက်ရုံးဖွင့်ထားသော အရှေ့အိန္ဒိယကုမ္ပဏီကိုယ်စားလှယ်မှတစ်ဆင့်၊ မော်တင်စွန်းရှိ ကိုယ်စားလှယ်ရုံးမှတစ်ဆင့်၊ အိန္ဒိယနိုင်ငံ မဒရပ်ရှိ စိန့်ဂျော့ခံတပ်စခန်း၊ လန်ဒန်ရှိ ကုမ္ပဏီဒါရိုက်တာများမှတစ်ဆင့်အသီးသီးပေးပို့ခဲ့သည်။ ယခုတွေ့ရှိရသော ရွှေပေလွှာကိုမူ မြန်မာဘာသာဖြင့် ရေးသားပေးပို့ချက်နှင့်အတူ အင်္ဂလိပ်ဘာသာ ပြန်ဆိုချက်ကိုပါ ပေးပို့ထားကြောင်းကိုလည်း မှတ်တမ်းများအရ သိရှိရသည်။

၁၇၅၆ ခုနှစ်တွင် ပေးပို့၍ အင်္ဂလိပ်ဘုရင် ဒုတိယမြောက်ဂျော့ထံသို့ ၁၇၅၈ ခုနှစ် မတ်လတွင် ရောက်ရှိပြီး လေးပတ်အကြာတွင် ဂျာမနီနိုင်ငံရှိ ဒုတိယမြောက်ဂျော့ဘုရင်၏ မွေးဖွားရာဇာတိမြို့ဖြစ်သော ဟန်နိုဘာမြို့ရှိ ဘုရင့်ကိုယ်ပိုင်စာကြည့်တိုက်သို့ပေးပို့ကာ တိုက်ပိုင်စာရင်းသွင်းခဲ့သည်။ မျှော်လင့်ချက်များစွာဖြင့် မြန်မာဘုရင် အလောင်းမင်းတရားက အင်္ဂလိပ်ဘုရင် ဒုတိယမြောက်ဂျော့ထံ ပေးပို့ခဲ့သော ရွှေပေလွှာသည် အင်္ဂလိပ်ဘုရင်၏ စိတ်ဝင်တစား အရေးတယူဖတ်ရှုခြင်း မခံရသည်မှာလည်း သမိုင်းစာမျက်နှာ အချိုးအကွေ့တစ်ခုတွင် သံတမန်ဆက်ဆံရေး မအောင်မြင်ခဲ့သည်ကို မီးမောင်းထိုးပြနေပေသည်။

**အတိတ်ကပေးသောသင်ခန်းစာ**

နေမဝင်အင်ပါယာဟု ကြွေးကြော်ကာ ၁၆ ရာစုမှစ၍ ကိုလိုနီနယ်ချဲ့လာသော အင်္ဂလိပ်တို့သည် ကမ္ဘာ့အနှံ့နယ်မြေချဲ့ထွင်ကာ အာရှတိုက်ဘက်သို့ ဘာသာရေး၊ ကုန်သွယ်ရေး၊ စစ်ရေးဖြင့် ကိုလိုနီနယ်ချဲ့ထွင်ကာ နယ်မြေသိမ်းပိုက်ခြင်းများကို ဆောင်ရွက်ပြီး ကိုလိုနီအဖြစ် နှစ်ရာချီကာ ကျွန်ပြုခြင်းကို ဆောင်ရွက်ခဲ့သည်။ သိမ်းပိုက်ထားသော ကိုလိုနီနိုင်ငံများကိုလည်း နှစ်ရာချီကျွန်ပြုကာ ရေရှည်ကျွန်စိတ်သွင်းခဲ့သည်။

ကုန်းဘောင်မင်းဆက်တည်ထောင်သူ ဘုရင် အလောင်းမင်းတရား (၁၇၅၂–၁၇၆၀) က ၁၇၅၆ ခုနှစ်တွင် အင်္ဂလိပ်ဘုရင် ဒုတိယမြောက်ဂျော့ထံသို့ သံတမန်ဆိုင်ရာ ချစ်ကြည်ရေးရွှေပေလွှာ ပေးပို့ကာ နှစ်နိုင်ငံအကြား ကုန်သွယ်ရေးမြှင့်တင်ဆောင်ရွက်ရေးအတွက် ကြိုးပမ်းခဲ့သော်လည်း လူမျိုးကြီးစိတ်ဓာတ်ဖြင့် မြန်မာဘုရင်၏စာကို အရေးတယူမပြုခဲ့ပေ။ စင်စစ်ထိုစဉ်အချိန်ကတည်းက ဗြိတိသျှတို့ပိုင် အရှေ့အိန္ဒိယကုမ္ပဏီ၏ ခြေလှမ်းများက ကုန်သွယ်ရေးဖြင့် အစပျိုးဆက်ဆံရာမှ တောင်းဆိုမှုများ၊ အကျပ်ကိုင်မှုများ၊ သွေးထိုးမှုများ၊ ထောက်လှမ်းမှုအမျိုးမျိုးတို့ကို ပြုလုပ်လာကြပြီး ပြင်သစ်တို့နှင့် အပြိုင် မြန်မာ့နိုင်ငံရေးအခင်းအကျင်းနှင့် အချုပ်အခြာအာဏာထိပါးရေးတို့အချိန်ယူလုပ်ဆောင်လာကြသည်ကို သုံးကြိမ်တိုင်တိုင်ဆင်နွှဲခဲ့ကြသော အင်္ဂလိပ်–မြန်မာစစ်ပွဲများက သက်သေခံနေသည်။

အင်္ဂလိပ် – မြန်မာစစ်ပွဲများသည် ဗြိတိသျှသစ်ကုမ္ပဏီများ၏ ပယောဂများနှင့် မကင်းကြပေ။ ၁၇၅၆ ခုနှစ်က ရွှေပေလွှာပေးပို့အပြီး ၆၈ နှစ်အကြာမှသာ အင်္ဂလိပ်တို့ အထူးတန်ဖိုးထားသော အိန္ဒိယနှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည့် မြန်မာနိုင်ငံကို လုံခြုံရေးနှင့် အမြတ်အစွန်းရရှိရေးအတွက် ကိုလိုနီပြုရန် ကြိုးပမ်းလာကြသည်။

ကိုလိုနီပြုရန်အတွက် ပြဿနာရှာကာ ကျူးကျော်မှုများဖြင့်ရန်စ၍ အင်္ဂလိပ်–မြန်မာပထမစစ်ပွဲ ၁၈၂၄ ခုနှစ်တွင်ဖြစ်ပြီး ၁၈၂၆ ခုနှစ်တွင် စစ်ပွဲပြီးကာ ရခိုင်နှင့် တနင်္သာရီတို့ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့ရသည်။ အင်္ဂလိပ်–မြန်မာဒုတိယစစ်ပွဲကို ပထမစစ်ပွဲအပြီး ၂၆ နှစ်အကြာ ၁၈၅၂ ခုနှစ်တွင် ဖြစ်ခဲ့ပြီး ၁၈၅၃ ခုနှစ် စစ်ပွဲအပြီးတွင် အောက်မြန်မာပြည်ဒေသများ အင်္ဂလိပ်လက်အောက်ကျရောက်ခဲ့သည်။ နောက်ထပ် ၃၂ နှစ်အကြာမှသာ အင်္ဂလိပ်–မြန်မာတတိယစစ်ပွဲ (၁၈၈၅– ၁၈၈၆) အပြီး အင်္ဂလိပ်တို့က အထက်မြန်မာပြည်နှင့် တစ်နိုင်ငံလုံးရှိနယ်မြေဒေသတစ်ခုလုံးကို သိမ်းပိုက်ခဲ့ကြသည်။

အင်္ဂလိပ် – မြန်မာစစ်ပွဲများ ဖန်တီးသည်ကိုပင် အကြောင်းအမျိုးမျိုးပြကာ ရေးသားထားကြသည်။ အင်္ဂလိပ်–မြန်မာ တတိယစစ်ပွဲ (၁၈၈၅– ၁၈၈၆) ဖြစ်ရခြင်းမှာလည်း မြန်မာဘုရင် သီပေါမင်းသည် ရက်စက်ကြမ်းကြုတ်သည့် အာဏာရှင်ဘုရင်တစ်ပါးဖြစ်သည်ဟု အကြောင်းပြကြသည်။ ဗြိတိသျှတို့က အကြောင်းမဲ့တိုက်ခိုက်သိမ်းယူခြင်း မဟုတ်ကြောင်းကိုလည်း ရေးသားကြသည်။ ကိုလိုနီစနစ်အရ နယ်မြေချဲ့ထွင်လာရေးနှင့် နှစ်ရှည်လများ အုပ်ချုပ်နိုင်ရေးတို့ကို စနစ်တကျအကွက်ချဆောင်ရွက်ခဲ့ပေသည်။

ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းပိုက်လိုခြင်း၏ အဓိကအချက်များတွင် အောက်ပါအချက်များ ပါဝင်နေကြောင်း တွေ့ရှိရသည် –

- ၎င်းတို့သိမ်းပိုက်ထားသော ဗြိတိသျှ– အိန္ဒိယ၏ အရှေ့ဘက်နယ်စပ်ဒေသတစ်လျှောက် ဘေးကင်းလုံခြုံရေးအတွက် အကာအကွယ်ပေးနိုင်ရန်၊ (ထိုစဉ်အချိန်က အင်ဒိုချိုင်းနားကျွန်းဆွယ်တစ်ခုလုံးကို ပြင်သစ်တို့က သိမ်းပိုက်ထားသည်)
- သဘာဝသယံဇာတအမျိုးမျိုး ပေါကြွယ်လှသောမြန်မာနိုင်ငံမှ ကျွန်းသစ်နှင့် ကျောက်သံပတ္တမြားကဲ့သို့ အဖိုးတန်ရတနာများရယူ၍ အကျိုးအမြတ်ရရန်၊
- ဗြိတိသျှမှ ထွက်ကုန်များအတွက် ဈေးကွက်သစ်ရရှိကာ အကျိုးအမြတ်ရရန်၊
- ဆန်စပါးတင်ပို့မှုကို အခြားဗြိတိသျှကိုလိုနီနိုင်ငံများသို့ ပိုမိုတင်ပို့ရောင်းချကာ အကျိုးအမြတ်ရရှိရန်။

အဆိုးရွားဆုံးသော လုပ်ဆောင်မှုတစ်ရပ်မှာ မြန်မာနိုင်ငံကို ကိုလိုနီနယ်ချဲ့သိမ်းပိုက်ရုံတင်မက မြန်မာဘုရင်၊ မိဖုရားများနှင့် မိသားစုများကိုပါ ၎င်းတို့သိမ်းပိုက်ထားသော ဗြိတိသျှ – အိန္ဒိယ၏ မြို့တစ်မြို့ဖြစ်သော မဒရပ်မြို့သို့ ခေါ်ဆောင်ထိန်းသိမ်းထားပြီး အိန္ဒိယမှ ဘုရင်ကို မြန်မာနိုင်ငံသို့ ခေါ်ဆောင်လာကာ ရန်ကုန်မြို့တွင် ထိန်းသိမ်းထားခြင်းပင်ဖြစ်သည်။ ကျွန်ပြုရေးကို စနစ်တကျလုပ်ဆောင်ရုံမက လူမျိုး၏အမျိုးသားရေးလက္ခဏာကိုပါ ဖျောက်ဖျက်ရန်ဆောင်ရွက်ခဲ့ခြင်းပင်ဖြစ်သည်။

**၂၁ ရာစုသံတမန်ဆက်သွယ်ရေးနှင့် ရွှေပေလွှာမိတ္တူလက်ဆောင်**

မြန်မာနှင့် ဂျာမနီသံတမန်ဆက်ဆံရေး နှစ် ၆၀ ပြည့် အထိမ်းအမှတ်ပြပွဲတစ်ခုကို ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့က ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာန ခန်းမဆောင်တွင် ကျင်းပပြုလုပ်ခဲ့ရာ ၁၇၅၆ ခုနှစ်က ဗြိတိသျှအင်ပါယာ၏ ဂျော့ဘုရင်(၂)သို့ အလောင်းမင်းတရားကြီးက ပေးအပ်ခဲ့သည့် ရွှေပေလွှာကို ဂျာမနီနိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဂျာမနီနိုင်ငံ စာကြည့်တိုက်တစ်ခုဖြစ်သော Gottfried Wilhelm Leibniz တို့က 3D ဒစ်ဂျစ်တယ်နည်းပညာဖြင့် မိတ္တူကူးပြီး မြန်မာနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးထံ ဂျာမနီနိုင်ငံခြားရေးဝန်ကြီးက ပေးအပ်ခဲ့သည်။

ဤသည်မှာလည်း ၂၀၁၂ ခုနှစ်က ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဒုတိယဝန်ကြီး မြန်မာနိုင်ငံသို့ လာရောက်စဉ်က ဆွေးနွေးခဲ့သည့် ယဉ်ကျေးမှုဆိုင်ရာ သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေးနှင့် ရန်ကုန်မြို့တွင် ဂျာမနီနိုင်ငံမှ Goethe–Institute ဖွင့်လှစ်ကာ ယဉ်ကျေးမှုစင်တာဆောင်ရွက်နိုင်ရေးတို့အတွက်လည်း ပါဝင်သည်။

၁၈ ရာစုကတည်းက မြန်မာနိုင်ငံဘက်မှ အနောက်နိုင်ငံတချို့နှင့် ချစ်ကြည်ရေးကြိုးပမ်းမှုများ ဆောင်ရွက်ခဲ့ကြသော်လည်း လိုတစ်မျိုး၊ မလိုတစ်မျိုးမှုများဖြင့် နိုင်ငံတချို့၏ နိုင်ငံတကာဆက်ဆံရေးပုံရိပ်များကား ၂၁ ရာစုတိုင် တွေ့မြင်နေရဆဲဖြစ်သည်ကို ယနေ့အခြေအနေများက သက်သေတည်နေသည်။ Neocolonialism ဝါဒကို အနောက်နိုင်ငံကြီးများက ယခင်သူတို့ ကိုလိုနီပြုဖူးသည့်နိုင်ငံများအပေါ် စီးပွားရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှုရေးရာဆိုင်ရာ သို့မဟုတ် အခြားဖိအားပေးမှုများကို ဩဇာလွှမ်းမိုးရန်နှင့် ထိန်းချုပ်ရန်တို့အတွက် ယခု ၂၁ ရာစုတွင် ပိုမိုပြုလုပ်လာနေကြသည်ကို တွေ့မြင်သတိထားမိကြမည်ဖြစ်ကြောင်း။ ။

**ကိုးကား**


- **The Treasure of the Gottfried Wilhelm Leibniz Library in Hanover , Germany: The Golden Letter From King Alaungphaya of Myanmar to King George II of Great Britain by George Ruppelt I Jacques Leider**




# မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် အကယ်ဒမီပေးပွဲစင်မြင့် တည်ဆောက်ခြင်း၊ Lighting နှင့် Sound System၊ Stage Design ရေးဆွဲထားမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြ

နေပြည်တော် မတ် ၂၉

မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားတွင် Nebula X Entertainment Co.,Ltd က နည်းပညာမြင့် 3D Projection Mapping ဖြင့် အကယ်ဒမီပေးပွဲစင်မြင့် တည်ဆောက်ခြင်း၊ Lighting နှင့် Sound System၊ Stage Design ရေးဆွဲထားမှုတို့နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှင်းလင်းပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးဇော်မင်းနှင့် အကယ်ဒမီများရှင် ရန်အောင်၊ ဒါရိုက်တာစင်ရော်မောင်မောင်နှင့် Nebula X Entertainment Co.,Ltd မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မြန်မာ့ရုပ်ရှင်ထူးချွန်ဆုကို သုံးနှစ်စာ ပေးအပ်သွားမည်ဖြစ်ရာ ဆုပေးပွဲကို ခမ်းခမ်းနားနား အဆင့်မြင့်စွာဖြင့် နိုင်ငံတော်အဆင့် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်က မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ အခမ်းအနားများကို မြန်မာ့ရုပ်ရှင်အစည်းအရုံးက ဦးဆောင်ကျင်းပခဲ့သော်လည်း ယခုနှစ်တွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းရှင်များ အပါအဝင် အနုပညာလောကသားများ အခက်အခဲရှိနေသည့်အတွက် နိုင်ငံတော်က မတည်၍ ရွေးစင်ရုပ်တုအားလုံးနှင့် ကုန်ကျစရိတ်များကို ထုတ်နုတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထူးချွန်ဆုပေးပွဲအခမ်းအနားတွင် အနုပညာကို ချစ်မြတ်နိုး၍ ပူးပေါင်းဆောင်ရွက်လိုသူများရှိပါကလည်း မိမိတို့အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် သမားရိုးကျပုံစံမျိုးထက် ခေတ်နှင့်လျော်ညီသည့် နည်းပညာပိုင်းများ၊ Lighting များ၊ Program များဖြင့် စီမံဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲအခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရန် အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် Nebula X Entertainment Co., Ltd မှ တာဝန်ရှိသူများက ယခုနှစ် ကျင်းပမည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပေးပွဲ ခမ်းနားလှပစေရန်အတွက် Design Concept များ ဆောင်ရွက်ထားရှိမှု၊ 3D Projection Mapping စနစ်အသုံးပြုမည့်အစီအစဉ်နှင့် အကယ်ဒမီပေးပွဲစင်မြင့် တည်ဆောက်ထားမှု၊ Stage Design ရေးဆွဲထားမှု၊ ကော်ဇောနီလမ်းကြောင်းအတွက် စီစဉ်ထားမှုတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဒါရိုက်တာ စင်ရော်မောင်မောင်တို့က အကယ်ဒမီရွှေကြိုများ စိစစ်ရွေးချယ်ထားရှိမှု၊ ရုပ်ရှင်ထူးချွန်ဆု စာရင်းဝင် ရုပ်ရှင်ဇာတ်ကားများအား ပရိသတ်များ စိတ်ဝင်စားမှုရှိစေရန် performance များဖြင့် တင်ဆက်ရန် စီစဉ်ထားမှု၊ ဖျော်ဖြေရေးအစီအစဉ်များ ဆောင်ရွက်ထားရှိမှုတို့ကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

**သတင်းစဉ်**

# မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတို့မှ ရေနံမြေဒေသအသီးသီးနှင့် ဓာတ်မြေသြဇာစက်ရုံတို့တွင် ပေးအပ်သည့်တာဝန်ကို အထူးကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသော အရာထမ်း၊ အမှုထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၉

စွမ်းအင်ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ လုပ်ငန်းများဌာနများမှ လုပ်ငန်းတာဝန်များကို စွမ်းစွမ်းတမံနှင့် စွန့်စားစွာတာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းများအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့တွင် စွမ်းအင်ဝန်ကြီးဌာနရှိ ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးမြင့်ဦး၊ ဒုတိယဝန်ကြီး ဦးသန့်စင်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။




အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုခံရသော ဝန်ထမ်းများအနေဖြင့် မူလတာဝန်များအပြင် လုပ်ငန်းလိုအပ်ချက်အရ တာဝန်များကို ထူးချွန်စွာနှင့် စွန့်စားစွာ ထမ်းဆောင်ခဲ့ကြောင်းကို တွေ့ရှိရ၍ အထူးဂုဏ်ပြုပါကြောင်း၊ သယ်ယူရန်ခက်ခဲသည့် ရေနံမြေများမှ ရေနံစိမ်းများကို အကြိမ်ကြိမ် သယ်ယူခဲ့ရာတွင် ဘေးအန္တရာယ်ကြားမှ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအတွက် ဝန်ကြီးဌာနကိုယ်စား မိမိအနေဖြင့် များစွာ ဂုဏ်ယူပါကြောင်း။

သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပြုပြင်ခြင်းလုပ်ငန်းများတွင်လည်း တာဝန်ကျအရာထမ်း၊ အမှုထမ်းများအနေဖြင့် မိမိအသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ ပေးအပ်သောတာဝန်များကို ဦးလည်မသုန် ဆောင်ရွက်ခဲ့ကြသူများဖြစ်၍ နိုင်ငံတော်၏ စက်ရုံများအတွက် အထူးလိုအပ်နေသော သဘာဝဓာတ်ငွေ့များကို အချိန်တိုအတွင်း ပြန်လည်ဖြန့်ဖြူးပေးနိုင်ခဲ့၍ အထူးပင် ဂုဏ်ပြုပါကြောင်း၊ ရေနံမြေဒေသအသီးသီးရှိ လုံခြုံရေးဝန်ထမ်းများသည်လည်း နိုင်ငံတော်ပိုင် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမဖြစ်စေရေးအတွက် ရေနံမြေလုံခြုံရေးတာဝန်များကို ရဲဝံ့စွန့်စားစွာ တာဝန်ထမ်းဆောင်ပေးခဲ့၍ အထူးမှတ်တမ်းတင်ရှိပါကြောင်း၊ ဂုဏ်ပြုချီးမြှင့်ထိုက်သည့် ဝန်ထမ်းများကိုလည်း စည်းမျဉ်း စည်းကမ်း လုပ်ထုံးလုပ်နည်းနှင့်အညီ အခွင့်အခါသင့်လျော်ပါက ၎င်းတို့အပေါ် ခံစားခွင့်များကို အထူးအလေးပေးချီးမြှောက် ဆောင်ရွက်သွားရန် သက်ဆိုင်ရာ ဌာနအကြီးအကဲများကို တိုက်တွန်းမှာကြားလိုကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိဌာနနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းကောင်းများဖြစ်သည့်အတွက် ဆက်လက်ကြိုးစား တာဝန်ထမ်းဆောင်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စီမံကိန်းအသီးသီးတွင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်ခဲ့သည့် ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းမှဝန်ထမ်းများ၊ ဓာတ်မြေသြဇာစက်ရုံမှ ဝန်ထမ်းများနှင့် ရေနံမြေ ရဲတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပြီး ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လသာမြို့နယ်၌ အခြေခံပညာမူလတန်း(မြို့နယ်အဆင့်)ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းကျင်းပ



ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး လသာမြို့နယ်တွင် အခြေခံပညာမူလတန်း (မြို့နယ်အဆင့်)ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် လသာမြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နော်ဖောဇာက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းတွင် KG မူလတန်းအောက်အဆင့်၊ အထက်အဆင့်အတန်းများ၏ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ သိပ္ပံ၊ လူမှုရေးဘာသာရပ်များကို နည်းပြ သုံးဦးက မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းသင်ဆရာ/ ဆရာမများအား မတ် ၂၈ ရက်မှ ၃၁ ရက်အထိ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

■

# အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်သွားရန် လိုအပ်



နေပြည်တော် မတ် ၂၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့် အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိ နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များရှိ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက တက္ကသိုလ်များအနေဖြင့် ပင်မတာဝန်များ ထမ်းဆောင်ရာတွင် အခြေခံအကျဆုံးနှင့် အရေးအကြီးဆုံးအချက်မှာ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းဥပဒေများ ခိုင်ခိုင်မာမာရှိပြီး စနစ်တကျ အသုံးချရန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ချမှတ်ပြီးဖြစ်သည့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များအား အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးနိုင်မည့် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များအား စဉ်ဆက်မပြတ် မွေးထုတ်သွားရန် လိုအပ်ကြောင်း၊ ရည်မှန်းချက်တာဝန်အပေါ် အခြေခံ၍ ရေရှည်မျှော်မှန်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာအောင်ဇေယျက စနစ်တကျ စီမံချက်များ ချမှတ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် လိုအပ်ချက်များကို ဆွေးနွေးပြောကြားပြီး အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်များ၏ လုပ်ငန်းစဉ်များကို တင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ရှင်းလင်းပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အားကစားနည်း ၁၉ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

နေပြည်တော် မတ် ၂၉

(၃၂)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်နိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကိုယနေ့နံနက်၉နာရီတွင် နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံ၊ ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦး၊ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက အဖွင့်အမှာစကားပြောကြားရာတွင် (၃၂) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၁၉ နည်းဖြင့် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ နေပြည်တော် အားကစား လေ့ကျင့်ရေးစခန်းနှင့် ရန်ကုန်မြို့ရှိ အားကစားအဖွဲ့ချုပ်များတွင် သက်ဆိုင်ရာအားကစားနည်းအလိုက်အားကစားသမားများက စခန်းဝင်လေ့ကျင့်မှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိကြောင်း၊ (၃၂)ကြိမ်မြောက် အရှေ့တောင် အာရှအားကစားပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့်အားကစားနည်းများအနက်မှ ဝုရှူး၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ လက်ဝှေ့အားကစားနည်းလေးနည်းကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ သုံးလကြာ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ရန် စေလွှတ်ခဲ့ကြောင်း။


လာမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားသမားများနှင့် နည်းပြများကို အားကစားစွမ်းဆောင်ရည်အဆင့်အလိုက် ထောက်ပံ့ကြေးများ ထောက်ပံ့ပေးလျက်ရှိကြောင်း၊ အုပ်ချုပ်သူ/နည်းပြများနှင့် အဖွဲ့ချုပ်မှ တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် အမှန်တကယ် ဆုတံဆိပ်ရရှိနိုင်မည့် အားကစားသမားများကို ရွေးချယ်စေလွှတ်နိုင်ရေး လွန်စွာအရေးကြီးကြောင်း၊ (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ရရှိခဲ့သော ဆုတံဆိပ်များထက် သာလွန်သည့် အောင်မြင်မှုများ ပိုမိုရရှိအောင် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမျိုးလှိုင်က (၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် လိုအပ်သည်များကို ရှင်းလင်းပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌများက ပြိုင်ပွဲသို့ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ရွေးစင်အားကစားသမားများ၏ စခန်းဝင်လေ့ကျင့်ဆောင်ရွက်နေမှု၊ အားကစားနည်းအလိုက် ပြိုင်ပွဲအမျိုးအစားများတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် အားကစားသမားရွေးချယ်ထားရှိမှု၊ လေ့ကျင့်ရေးသုံးနှင့် ပြိုင်ပွဲသုံးအားကစားအထောက်အကူပြုပစ္စည်းအခြေအနေ၊ ဆုတံဆိပ် မျှော်မှန်းထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မကြာမီ ကျင်းပမည့် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင်လည်း ယခင်နှစ်ကထက် အောင်မြင်မှုဆုတံဆိပ်များ ပိုမိုရရှိနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ လုပ်ငန်းများ အောင်မြင်မှုရရှိရန် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရာတွင် အပြန်အလှန် လေးစားမှု၊ ယုံကြည်မှုရှိရန် လိုအပ်ကြောင်း၊ သက်ဆိုင်ရာအားကစားအဖွဲ့ချုပ်များမှ တာဝန်ရှိသူများ၊ အုပ်ချုပ်သူများနှင့် နည်းပြများအနေဖြင့် မိမိတို့အားကစားသမားများကို နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် အားကစားသမားကောင်းများဖြစ်လာစေရန်နှင့် နိုင်ငံနှင့်လူမျိုးအတွက် မလျှော့သော ဇွဲ၊ လုံ့လ၊ ခိုင်မာသောစိတ်ဓာတ်တို့ဖြင့် ပြိုင်ပွဲတွင် ရေကုန်ရေခန်း ကြိုးစားသွားကြရန် ပြောကြားသည်။

သတင်းစဉ်

# သန့်ရှင်းသာယာသပ်ရပ်ရေးနှင့် ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကွင်းဆင်းစစ်ဆေး



ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယမြို့တော်ဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း မဟာသင်္ကြန် ရေသဘင်ပွဲတော်အတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်တိရစ္ဆာန် ဥယျာဉ်အတွင်း ရေစုကန် ရေမြောင်း တူးဖော်နေမှု၊ သာကေတမြို့နယ် ရှုခင်းသာလမ်းပေါ်ရှိ အမှတ်(၇) မြစ်ထွက်ပေါက် ရေစီးရေလာ ကောင်းမွန်ရေးဆောင်ရွက်နေမှု၊ အနော်မာရပ်ကွက်ရှိ တပ်ဖွဲ့လမ်းနှင့် တိုးချဲ့(၁)လမ်းအကြား သန့်ရှင်းသာယာသပ်ရပ်ရေး ဆောင်ရွက်ရန်တို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြား ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်သည် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ e-Government Applied Training အမှတ်စဉ် (၁၄) သင်တန်းဆင်းပွဲ အခမ်းအနားသို့တက်ရောက်ပြီး သင်တန်းဆင်းအမှာစကား ပြောကြားကာ ထူးချွန်ဆုများ ပေးအပ်သည်။

ယခု ဖွင့်လှစ်ခဲ့သည့် e-Government Applied Training အမှတ်စဉ် (၁၄) သင်တန်းသို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဌာနများနှင့် တိုင်းဒေသကြီးစည်ပင်သာယာရေး အဖွဲ့၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံးတို့မှ ဝန်ထမ်းသင်တန်းသား ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဖေဖော်ဝါရီ ၉ ရက်မှ မတ် ၂၉ ရက်အထိ ရက်သတ္တ ခုနစ်ပတ် ကြာမြင့်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့တော်ဝန်သည် ကော်မတီဝင်များနှင့် ဌာနမှူးများ လုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၈/၂၀၂၃)သို့ တက်ရောက်၍ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ မရမ်းကုန်းရပ်ကွက်၊ ရွှေဒါးကုန်းလမ်း၊ အမှတ်(၂၈)တွင် ပါတီရုံးချုပ်တည်ရှိသော **ကရင်ပြည်သူ့ပါတီ(KPP)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ကရင်ပြည်သူ့ပါတီ (KPP)၏ အလံပုံစံ**



**ကရင်ပြည်သူ့ပါတီ (KPP)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၅)ရပ်ကွက်၊ အောင်သုခလမ်း၊ တိုက်(၁၀၀/ ၁၀၁)၊ အခန်း(၁၀၁)တွင် ပါတီရုံးချုပ်တည်ရှိသော **ခေတ်သစ်ပြည်သူ့ပါတီ(Modern People Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)၏ အလံပုံစံ**



**ခေတ်သစ်ပြည်သူ့ပါတီ (Modern People Party)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖို့မြေရပ်ကွက်၊ (၁၀၁)လမ်း၊ ပထမထပ်၊ အမှတ်(၂၄)တွင် ပါတီရုံးချုပ်တည်ရှိသော **ဒီမိုကရေစီနှင့်လူ့အခွင့်အရေးပါတီ(Democracy and Human Rights Party)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရနိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ**
**(Democracy and Human Rights Party)၏ အလံပုံစံ**



**ဒီမိုကရေစီနှင့် လူ့အခွင့်အရေးပါတီ**
**(Democracy and Human Rights Party)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း


၁။ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့၊ အထကကျောင်းရှေ့၊ ပြည်တော်သာရပ်ကွက်၊ စာတိုက်လမ်း၊ အမှတ်(၂၀၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ (MRO NATIONAL DEVELOPMENT PARTY)** က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ**
**(MRO NATIONAL DEVELOPMENT PARTY)၏ အလံပုံစံ**



**မြိုတိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ**
**(MRO NATIONAL DEVELOPMENT PARTY)၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်တိုးချဲ့ရပ်ကွက်၊ မဟော်ဂနီလမ်း၊ အမှတ်(၂/၂/၂၃၂)တွင် ပါတီရုံးချုပ်တည်ရှိသော **မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင် မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ အလံပုံစံ**



**မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ မော်ကန်(၁)လမ်း၊ လန်းဆန်းအိမ်ရာ၊ အမှတ်(A/၄၀၆)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်ပြုရန် ၂၈-၃-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏ အလံပုံစံ**




**ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစုပါတီ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မုံရွာမြို့နယ်၌ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၁/၂၀၂၃) ဖွင့်ပွဲကျင်းပ

မုံရွာ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၏ အခြေခံစက်ချုပ်သင်တန်း အမှတ်စဉ်(၁၁/၂၀၂၃) ဖွင့်ပွဲ အခမ်းအနားကို မတ် ၂၉ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အားကစားနှင့်ကာယပညာသိပ္ပံ(မုံရွာ) သင်တန်းခန်းမ၌ ကျင်းပသည်။



**ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်**

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က ကလေးအလုပ်သမားပပျောက်ရေးအတွက် အရပ်ဘက်လူမှုအဖွဲ့အစည်းများက ဟန်ချက်ညီညီပူးပေါင်းဆောင်ရွက်မှသာ ကလေးအလုပ်သမားပပျောက်ရေးလုပ်ငန်းစဉ် အောင်မြင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်အတွက် တန်ဖိုးမဖြတ်နိုင်သည့် အရင်းအမြစ်များဖြစ်သည့် ကလေးလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူအားလုံးက ပူးပေါင်းဆောင်ရွက်ပေးသွားကြရန်လိုအပ်ပါကြောင်း၊ တိုင်းဒေသကြီး ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်သည့် အခြေခံစက်မှု၊ လက်မှုသင်တန်းစုစုပေါင်း ၁၁ ကြိမ် ဖွင့်လှစ်သင်ကြားပေးခဲ့ပြီးဖြစ်ရာ သင်တန်းသား သင်တန်းသူ ၂၆၂ ဦးအား သင်တန်းပို့ချပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

မိမိတို့တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ဒေသနှင့်ကိုက်ညီမှုရှိစေမည့် အသက်မွေးမှုနှင့် ကျွမ်းကျင်မှုသင်တန်းများကို စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သင်တန်းသူများအနေဖြင့် စာတွေ့၊ လက်တွေ့သင်ကြားနိုင်သည့် အခွင့်အရေးရရှိမည်ဖြစ်သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း၊ သင်တန်းမှပို့ချပေးမည့် နည်းပညာရပ်များကို စိတ်ပါဝင်စားစွာဖြင့် နာယူမှတ်သားပြီး ရက်တိုသင်တန်းဖြစ်သည့်အတွက် သင်တန်းပျက်ရက်မရှိအောင် တက်ရောက်သွားကြရန် လိုအပ်ပါကြောင်း၊ သင်တန်းဆင်းပြီးပါက လက်တွေ့အသုံးချနိုင်ရန်နှင့် တစ်ဦးချင်းချုပ်လုပ်ခြင်းမှသည် MSMEs လုပ်ငန်းများဆီသို့တိုးတက်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားခဲ့သည်။

**ကြည့်ရှုအားပေး**

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သင်တန်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးကာ သင်တန်းခန်းမအတွင်း ပြသထားသော အပ်ချုပ်စက်များနှင့် သင်တန်းတွင်အသုံးပြုသွားမည့် သင်ထောက်ကူပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသူ ၂၀ ဦး တက်ရောက်သွားမည်ဖြစ်ရာ သင်တန်းကာလ တစ်လကြာ စာတွေ့၊ လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ်(၃/၂၀၂၃)သို့ တက်ရောက်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



# ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာနှင့် ကွန်ပျူတာ တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၂၉

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တက္ကသိုလ်ပေါင်းစုံဘောလုံးပြိုင်ပွဲ ဒုတိယနေ့ အုပ်စုပတ်လည်ပွဲစဉ် ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ဦးစွာ ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိကွင်းအမှတ်(၁)သို့ရောက်ရှိပြီး အုပ်စု(၁) ကွန်ပျူတာတက္ကသိုလ်(အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(ခ) ကွန်ပျူတာတက္ကသိုလ်(မန္တလေး၊ လားရှိုး၊ တောင်ကြီး) နှင့် အသင်း(ဂ) ကွန်ပျူတာတက္ကသိုလ်(မကွေး၊ မိတ္ထီလာ)များမှ ကျောင်းသားအားကစားသမားများ၏ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပွဲစဉ်တွင် အသင်း(ခ)က အသင်း(ဂ)ကို ငါးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဝဏ္ဏသိဒ္ဓိကွင်းအမှတ်(၃)တွင် အုပ်စု(၃) နည်းပညာတက္ကသိုလ်(အထက်မြန်မာပြည်) ပွဲစဉ်ဖြစ်သည့် အသင်း(ခ) နည်းပညာတက္ကသိုလ် (ကျောက်ဆည်၊ တောင်ကြီး၊ လားရှိုး၊ ပင်လုံ၊ ကျိုင်းတုံ)နှင့် အသင်း(ဂ) နည်းပညာတက္ကသိုလ်(မန္တလေး၊ ရတနာပုံဆိုက်ဘာစီးတီး၊ ကလေး၊ မုံရွာ၊ စစ်ကိုင်း)တို့ ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

အဆိုပါ ပွဲစဉ်တွင် အသင်း(ခ)က အသင်း(ဂ)ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ မိမိသဘောဆန္ဒဖြင့် နေရပ်ပြန်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များအား ထောက်ပံ့ငွေနှင့်လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

နေပြည်တော် မတ် ၂၉

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများ၌ ခေတ္တခိုလှုံနေထိုင်လျက်ရှိသော ယာယီတိုက်ပွဲရှောင်အိမ်ထောင်စုဝင် မိသားစုများသည် ၎င်းတို့၏ သဘောဆန္ဒဖြင့် မူလနေရပ်ဒေသများသို့ ပြန်လည်နေထိုင်ကြမည်ဖြစ်ရာ အဆိုပါ ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ လတ်တလောစားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် ထောက်ပံ့ငွေနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျောက်တော်မြို့ ကစ္ဆပနဒီခန်းမ၌ ပြုလုပ်ရာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် နေရပ်ပြန် အိမ်ထောင်စုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူများက အားပေး အမှာစကားများ ပြောကြားကြသည်။ ထို့နောက် တာဝန်ရှိသူများက ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၆၄၄ စုအတွက် ငွေကျပ်သိန်း ၃၂၂၀ ကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ထောက်ပံ့သည့် အိမ်ထောင်စု တစ်စုလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၆၄၄ သိန်းနှင့် လူသုံးကုန်ပစ္စည်း ၁၇ မျိုးပါသည့် Family Kit တစ်ပုံးနှုန်းဖြင့် Family Kit ၆၄၄ ပုံးကိုလည်းကောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့သည့် ဆန်ရိက္ခာဖိုးငွေ တစ်လစာအတွက် လူတစ်ဦးလျှင် ငွေကျပ် ၉၀၀၀ နှုန်းဖြင့် လူဦးရေ ၂၇၀၆ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၄၃၅၄၀၀၀ ကိုလည်းကောင်း စခန်းတာဝန်ခံများထံ ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့နှင့် တပ်မတော်မှ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် ကျောက်တော်မြို့နယ်အတွင်းရှိ ယာယီခိုလှုံရာစခန်းများမှ ၎င်းတို့၏ နေရပ်အသီးသီးသို့ ပြန်လည်သွားရောက်နေထိုင်ကြမည့် ယာယီတိုက်ပွဲရှောင် အိမ်ထောင်စုဝင်များ၏ အိမ်သုံး ကုန်ပစ္စည်းများအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက မော်တော်ယာဉ်များနှင့် စက်လှေများဖြင့် ကူညီသယ်ယူပို့ဆောင်ပေးကြပြီး ၎င်းတို့၏ နေရပ်ကျေးရွာများအရောက် အခမဲ့ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# သထုံ၌ အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီသင်တန်း ဆင်းပွဲကျင်းပ

သထုံ မတ် ၂၉

မွန်ပြည်နယ် သထုံခရိုင်ပြည်သူ့စာကြည့်တိုက်ရှိ လူထုအခြေပြု ဗဟိုဌာနခန်းမ၌ အခြေခံအင်္ဂလိပ်စာနှင့် ပန်းချီရေးဆွဲနည်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန သထုံခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက သင်တန်းဆင်း အမှာစကား ပြောကြားသည်။

ယင်းနောက် သင်တန်းနည်းပြ အငြိမ်းစား ဒုတိယမြို့နယ်ပညာရေးမှူး ဦးအောင်ဆန်းက နှစ်စဉ်နွေရာသီကျောင်း ပိတ်ရက်ကာလများ၌ သင်တန်းဖွင့်လှစ်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သင်တန်းသားများ ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ပန်းချီပြိုင်ပွဲမှ ဆုရရှိကြသူများကို လက်ထောက်ညွှန်ကြားရေးမှူးနှင့် သင်တန်းနည်းပြတို့က ဆုများပေးအပ်ချီးမြှင့်ရာ သင်တန်းသား သင်တန်းသူများက လက်ခံရယူသည်။

**ခရိုင်(ပြန်/ဆက်)**

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၃၅၀၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် နှစ်ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၈-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၉-၃-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၃,၅၀၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၀၆) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၁၇၀,၅၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၄,၀၇၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူစုစုပေါင်း (၆၁၄,၅၃၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၂၈-၃-၂၀၂၃) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၉၇၉,၁၈၃) ဦးနှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၈၄၆,၆၄၅) ဦးတို့အား ထိုးနှံထားရှိပြီး ဖြစ်ပါသည်။

### ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးစီးမှု (၂၈-၃-၂၀၂၃ ရက်နေ့အထိ)

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၉၇၉,၁၈၃ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၈၄၆,၆၄၅ |

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့် –

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော(အနည်းဆုံး ၆၀ ရာခိုင်နှုန်း)ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**






# (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်ပိုစတာကြီးများစိုက်ထူထားပြီး တပ်မတော်ပန်းခြံများတွင် မီးအလှများ၊ ပန်းအလှများဖြင့် အလှဆင်

**နေပြည်တော် မတ် ၂၉**

မတ် ၂၇ ရက်တွင် ကျရောက်သည့် (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်ကောင်စီနယ်မြေ ဘောဂသီရိအဝေးပြေးကားကွင်းအနီးရှိ မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်အနီး မီးပွိုင့်လမ်းဆုံတွင်လည်းကောင်း၊ အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းအနီး လမ်းဆုံတွင်လည်းကောင်း၊ ပင်လောင်းမီးပွိုင့်လမ်းဆုံနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း၌လည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေမည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) စစ်သည်များ၏ လှုပ်ရှားမှုပုံရိပ်များကို ဖော်ကျူးထားသော ပိုစတာကြီးများကို စိုက်ထူထားရှိသည်။

အလားတူ ပင်လောင်းလမ်းဆုံမှ စစ်ရေးပြကွင်းကြီးသို့ သွားရောက်သည့် လမ်းတစ်လျှောက်တွင်လည်း တပ်မတော်၏ဆောင်ပုဒ်များကို မြန်မာ-အင်္ဂလိပ်နှစ်ဘာသာဖြင့် စိုက်ထူထားပြီး စစ်ရေးပြကွင်းအဝင်ဝရှိ မုခ်ဦးကြီးကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။ စစ်ရေးပြကွင်းကြီးတွင် ခံ့ညားစွာစိုက်ထူထားသည့် ပထမ၊ ဒုတိယနှင့် တတိယ မြန်မာနိုင်ငံတို့ကို တည်ထောင်ခဲ့ကြသော မင်းသုံးပါးတို့၏ ကြေးရုပ်တုကြီးများကိုလည်းကောင်း၊ (၇၈)နှစ်မြောက်တပ်မတော်နေ့ တံဆိပ်ကြီးကိုလည်းကောင်း၊ ပန်းအလှများဖြင့်ခြယ်သထားပြီး စစ်ရေးပြကွင်းကြီးအတွင်းတွင်လည်း ဗမာ့လွတ်လပ်ရေးတပ်မတော်အလံ၊ ဗမာ့ကာကွယ်ရေးတပ်မတော်အလံ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ)အလံများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ညွှန်ကြားရေးမှူးရုံး အလံများ၊ တိုင်းစစ်ဌာနချုပ်၊ တပ်မဌာနချုပ်အသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များ၏ ရောင်စုံအလံများကိုလည်း လွှင့်ထူထားသည့်အပြင် မီးထွန်းညှိထားသည့် တပ်မတော်နေ့ မီးရှူးတိုင်ကိုလည်း ခမ်းနားထည်ဝါစွာ တွေ့မြင်နိုင်သည်။

**အထူးစည်ကား**

ထို့ပြင် (၇၈)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် နေပြည်တော်စစ်ရေးပြကွင်းကြီးရှေ့ရှိ တပ်မတော်ပန်းခြံတွင်လည်း မီးအလှများဖြင့် ဖန်တီးပုံဖော်ထားသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် (၇၈)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်တံဆိပ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) တပ်ဖွဲ့များတွင် အသုံးပြုသည့် ယာဉ်ယန္တရားပုံစံငယ်များ၊ ရေယာဉ်ပုံစံငယ်များ၊ လေယာဉ်ပုံစံငယ်များ၊ ရဟတ်ယာဉ်ပုံစံငယ်များနှင့် လက်နက်ပုံစံတုများကို ပြသထားသည်။ ပန်းခြံအတွင်း ဖိုင်ဘာဖြင့်ပြုလုပ်ထားသည့် စစ်သည်ရုပ်တုငယ်များ၊ ပုံဖော်ထားသည့် ပန်းအလှများ၊ သစ်ပင်များတွင် တပ်ဆင်ထားသည့် မီးရောင်စုံများဖြင့် အလှဆင်ထားရှိရာ လာရောက်အပန်းဖြေလည်ပတ်ကြသူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရေကြည်မြို့နယ်၌ ဒေသထွက်ကုန်များ ကုန်စည်ပြပွဲ (တတိယနေ့)တွင် လာရောက်ကြည့်ရှုသူများဖြင့် စည်ကား



**ရေကြည် မတ် ၂၉**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ (၇၈)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသည့်အနေဖြင့် ကျင်းပခဲ့သည့် ဒေသထွက်ကုန်များ ကုန်စည်ပြပွဲ (တတိယနေ့)တွင် ကြည့်ရှုလေ့လာသူများဖြင့် စည်ကားခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်စည်ပြပွဲကို မတ် ၂၇ ရက် မွန်းလွဲ ၁ နာရီက စတင်ဖွင့်လှစ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြပွဲနောက်ဆုံးရက်ဖြစ်သည့် ယနေ့တွင် တစ်နေရာတည်း၌ ပစ္စည်းအမျိုးအစားစုံလင်စွာ ပါဝင်သည့် ပြခန်းပေါင်း ၂၁ ခန်းတွင် ပြသထားသည့် စားသုံးကုန်၊ လူသုံးကုန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များနှင့် ဒေသထွက် စက်မှုလက်မှုပစ္စည်းများကို ဒေသခံပြည်သူများ၊ တောင်သူများက လှည့်လည်ကြည့်ရှုအားပေးကြပြီး ဈေးဝယ်သူများ၊ တေးဂီတဖျော်ဖြေပွဲများဖြင့် စည်ကားသိုက်မြိုက်ခဲ့ကြောင်း သိရသည်။

ရေကြည်မြို့နယ်၌ ယင်းဒေသထွက်ကုန် ကုန်စည်ပြပွဲသည် ပထမဆုံးအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး ဒေသခံနှင့် နယ်နိမိတ်ထိစပ်မြို့နယ်များမှ ပြည်သူများက အေးချမ်းပျော်ရွှင်စွာ လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဖိလစ်ပိုင်နိုင်ငံ၌ ရေနံတင်သင်္ဘောမှ ရေနံယိုစိမ့်မှုကြောင့် ခရီးသွားနေရာ ၆၃ ခု ထိခိုက်ခံစားရ

**မနီလာ မတ် ၂၉**

ဖိလစ်ပိုင်နိုင်ငံ မင်ဒိုရိုပြည်နယ်၌ လွန်ခဲ့သောလအတွင်း နစ်မြုပ်ခဲ့သော ရေနံတင်သင်္ဘောမှ ရေနံယိုစိမ့်မှုသည် ခရီးသွားနေရာ ၆၃ ခု ထိခိုက်စေပြီး ခရီးသွားလုပ်သား ၁၀၀၀ ကျော်ကို အလုပ်အကိုင်မဲ့ဖြစ်စေခဲ့ကြောင်း ဖိလစ်ပိုင်ခရီးသွားလုပ်ငန်းက ယနေ့ ပြောကြားသည်။

ထိခိုက်နစ်နာသွားသည့် ခရီးသွားနေရာများ၌ ရပ်ရွာလူထုအခြေပြု ခရီးသွားလုပ်ငန်းများလည်း ပါဝင်ကြောင်း ခရီးသွားလုပ်ငန်းဝန်ကြီး ခရစ္စတီနာ ဂါဆီရာဖရက်စ်ကိုက ရုပ်သံလိုင်းတစ်ခုတွင် ပြောကြားသည်။

အဆိုပါနေရာများ၌ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ရွက်ချက်များကို လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းထားရခြင်းကြောင့် လူမှုစီးပွားထိခိုက်နစ်နာသွားသည့် ခရီးသွားဝန်ထမ်းများကို လူမှုကာကွယ်စောင့်ရှောက်မှုများနှင့် ထောက်ပံ့ငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီး ဖရက်စ်ကိုက ဆိုသည်။



MT Princess Empress သင်္ဘောသည် ဖေဖော်ဝါရီ ၂၈ ရက်က မင်ဒိုရိုပြည်နယ်ကမ်းလွန်၌ နစ်မြုပ်စဉ် လောင်စာဆီ လီတာ ၈၀၀၀၀၀ တင်ဆောင်လာခဲ့ပြီး မင်ဒိုရိုပြည်နယ်အပါအဝင် အနီးဝန်းကျင်ပြည်နယ်များတွင် လောင်စာဆီများ ယိုဖိတ်ပျံ့နှံ့သွားခဲ့ကြောင်း သိရသည်။

အဆိုပါရေနံတင်သင်္ဘောသည် မနီလာမြို့ အနောက်မြောက်ဘက် ဘတ်တာအန်ပြည်နယ်မှ ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းရှိ အီလိုရီလိုခရိုင်သို့ ဦးတည်မောင်းနှင်ခဲ့ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရက ကမ်းရိုးတန်းဒေသများတွင် ရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပင်လယ်ကြမ်းပြင်ပေါ်တွင် ပျံ့နှံ့လျက်ရှိသည့် လောင်စာဆီများကို မည်သို့ရှင်းလင်းရမလဲဆိုသည်နှင့် ပတ်သက်ပြီး ကျွမ်းကျင်ပညာရှင်များနှင့် ဆွေးနွေးလျက်ရှိသည်။

လက်ရှိတွင် ရေနှင့်ရောစပ်နေသည့် လောင်စာဆီ လီတာ ၁၀၀၀၀ ကျော်နှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်စေသည့် အပျက်အစီး ၇၃၀၀၀ ကီလိုဂရမ်နီးပါးကို ရှင်းလင်းပြီးဖြစ်သည်။

ရေနံတင်သင်္ဘောမှ ရေနံများယိုစိမ့်မှုကြောင့် မိသားစု ၃၆၀၀၀ ကျော် ထိခိုက်ခံစားခဲ့ရကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# မလေးရှားနိုင်ငံ၌ တီဘီရောဂါဖြစ်ပွားသူဦးရေ မြင့်မားလာ

**ကွာလာလမ်ပူ မတ် ၂၉**

မလေးရှားနိုင်ငံ၌ ပြီးခဲ့သည့်နှစ်မှစတင်၍ တီဘီရောဂါဖြစ်ပွားသူဦးရေ မြင့်မားလာကြောင်း ကျန်းမာရေးဝန်ကြီး ဇာလီဟာ မုစတာဖာက ပြောကြားသည်။

**၁၇ ရာခိုင်နှုန်းတိုးလာ**

ယမန်နှစ်အတွင်း တီဘီရောဂါဖြစ်ပွားသူ ၂၅၃၉၁ ဦးရှိခဲ့ပြီး ၂၀၂၁ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၇ ရာခိုင်နှုန်း တိုးလာသည်ကိုတွေ့ရှိရကြောင်း ယခုနှစ် ကမ္ဘာ့တီဘီရောဂါနေ့ ကြေညာချက်တွင် ၎င်းကပြောကြားသည်။

ကျွန်ုပ်တို့ တီဘီရောဂါကို တိုက်ဖျက်နိုင်သည် ဟူသော ဆောင်ပုဒ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ပြည်သူလူထုအား တီဘီရောဂါဆိုင်ရာ ကျန်းမာရေးအသိပညာပေးလျက်ရှိပြီး၂၀၃၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ တီဘီရောဂါ အပြီးတိုင်ပပျောက်ရေး ဆောင်ရွက်နေသည်။ တီဘီရောဂါဝေဒနာရှင်များသည် ရောဂါကုသရေးနည်းစနစ်များကို အပြည့်အဝလိုက်နာ ဆောင်ရွက်ရမည်ဖြစ်ပြီး ရောဂါကုသနိုင်ရေးအတွက်လည်း လူမှုအသိုင်းအဝိုင်းက ပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း မုစတာဖာက ပြောကြားသည်။ သီတင်းနှစ်ပတ်ထက်ပို၍ ချောင်းဆိုးခြင်း၊ ကိုယ်အပူချိန်တက်ခြင်းနှင့် ကိုယ်အလေးချိန် ကျဆင်းခြင်းကဲ့သို့သော ရောဂါလက္ခဏာများကို ခံစားရပါက စောစီးစွာ ဆေးကုသမှု ခံယူရမည်ဖြစ်ကြောင်း သိရသည်။

ချောင်းဆိုးခြင်း၊ နှာချေခြင်းနှင့် တံတွေးထွေးခြင်းတို့မှ တီဘီရောဂါကူးစက်နိုင်သည်။

**ကိုးကား - စီဂျီတီအင်န်**
**ဘာသာပြန် - စိုးသူရ**

# မက္ကဆီကိုနိုင်ငံရှိ ရွှေ့ပြောင်းနေထိုင်သူထိန်းသိမ်းရေးစခန်း၌ မီးလောင်မှုဖြစ်ပွား၊ ၃၉ ဦး အနည်းဆုံးသေဆုံး

**မက္ကဆီကိုစီးတီး မတ် ၂၉**

အမေရိကန်နိုင်ငံသို့ ဝင်ရောက်ရန် ကြိုးပမ်းသည့် ရွှေ့ပြောင်းနေထိုင်သူများကို ဖမ်းဆီးထိန်းသိမ်းထားသည့် မက္ကဆီကိုနိုင်ငံ၏ ထိန်းသိမ်းရေး စခန်းတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ရာ ၃၉ ဦး အနည်းဆုံးသေဆုံးပြီး အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးထိန်းသိမ်းရေးစခန်းသည် အမေရိကန်ပြည်ထောင်စု နယ်စပ်အနီးရှိ မက္ကဆီကိုနိုင်ငံမြောက်ပိုင်း ချီဟွာဟွာပြည်နယ် ချူဒက်ဂျာရဇ်မြို့၌ တည်ရှိသည်။

သေဆုံးသူအများစုမှာ ဂွါတီမာလာ၊ ဟွန်ဒူးရပ်စ်၊ အယ်လ်ဆာဗေးဒေါ၊ ဗင်နီဇွဲလားနှင့် အခြားသော ဗဟိုအာဖရိကနှင့် တောင်အာဖရိကနိုင်ငံများမှ ဖြစ်သည်။


**မီးစတင်လောင်ကျွမ်း**

ဖမ်းဆီးထိန်းသိမ်းခြင်း ခံထားရသည့် ရွှေ့ပြောင်းနေထိုင်သူများက ၎င်းတို့အား ဥပဒေအရပြည်နှင်ဒဏ်ပေးခံရမည်ကို သိရှိပြီးနောက် မွေ့ရာများကိုမီးရှို့ကာ ထိန်းသိမ်းရေးစခန်းတွင် ဆန္ဒထုတ်ဖော်ခဲ့ရာမှ မီးစတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ထိန်းသိမ်းရေးစခန်း၌ ရွှေ့ပြောင်းနေထိုင်သူ ၁၀၀၀၀ ထက်မနည်းသည် အမေရိကန်နိုင်ငံအတွင်းသို့ ဝင်ရောက်ရန် စောင့်ဆိုင်းလျက်ရှိကြောင်း သိရသည်။

လွန်ခဲ့သောနှစ် အတွင်း ရွှေ့ပြောင်းနေထိုင်သူ နှစ်သန်းခွဲကျော်သည် နယ်စပ်ဖြတ်ကျော်ကာ မက္ကဆီကိုနိုင်ငံမှ အမေရိကန်နိုင်ငံ အတွင်းသို့ တရားမဝင် ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# တရုတ်နိုင်ငံက ကုန်စည်ပြပွဲများကို ပြည်ပနိုင်ငံများတွင် ပြန်လည်ပြသနိုင်ခဲ့

**ပေကျင်း မတ် ၂၉**

တရုတ်နိုင်ငံမှ ကုန်စည်ပြပွဲများကို ပြည်ပနိုင်ငံများတွင် ပြန်လည်ပြသနိုင်ခြင်းသည် ကုန်သွယ်ရေးလုပ်ငန်းများ ပြန်လည်ဦးမော့လာခြင်းကို ပြသပြီး မျှော်လင့်ထားသည်ထက် ပိုမိုကောင်းမွန်သည့် ရလဒ်များ ရရှိခဲ့ကြောင်း တရုတ်နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်မှုကောင်စီက ပြောကြားသည်။

နိုင်ငံရပ်ခြားတွင် ပြသရန်ရှိသည့် ကုန်သွယ်ရေးပြပွဲ ၅၁၉ ခုကို ခွင့်ပြုပေးနိုင်ခဲ့ကြောင်း တရုတ်နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်ရေးကောင်စီ ပြောရေးဆိုခွင့်ရှိသူ ဝမ်လင်းကျီးက ဆိုသည်။ နိုင်ငံတကာကုန်သွယ်ရေးပြပွဲများကို အမေရိကန်၊ ဂျာမနီ၊ ပြင်သစ်၊ ဂျပန်၊ ထိုင်းနှင့် ဘရာဇီးနိုင်ငံများအပါအဝင် အဓိကဈေးကွက် ၆၇ ခု၌ ကျင်းပခဲ့သည်။

ထိုသို့စီစဉ်ကျင်းပခဲ့ရာတွင် အခက်အခဲအနည်းငယ်ရှိသော်လည်း တရုတ်နိုင်ငံတကာ ကုန်သွယ်ရေးမြှင့်တင်မှုကောင်စီ၏ အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်မှုများကြောင့် နိုင်ငံအများအပြားအတွက် ကုန်သွယ်ရေးပြပွဲများ ကျင်းပနိုင်ခဲ့ပြီး သက်ဆိုင်ရာနိုင်ငံများအတွက် အကျိုးကျေးဇူးရှိခဲ့ကြောင်း သိရသည်။ ထို့ပြင် တရုတ်နိုင်ငံသည်ဒေသတွင်း ပြီးပြည့်စုံသည့် ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်ကို ကျယ်ပြန့်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံတကာကုန်သွယ်ရေးမြှင့်တင်မှုကောင်စီက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**



# အမေရိကန်နိုင်ငံ၌ ကလေးငယ် ၁၅ ဒသမ ၅ သန်းကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံစားနေရ

**ဝါရှင်တန် မတ် ၂၉**

အမေရိကန်နိုင်ငံ၌ ကလေးငယ် ၁၅ ဒသမ ၅ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံစားနေရကြောင်း အမေရိကန်ကလေးအထူးကုအကယ်ဒမီ (AAP)နှင့် ကလေးဆေးရုံအသင်းတို့၏ နောက်ဆုံးအစီရင်ခံစာအရ သိရသည်။

အဆိုပါအရေအတွက်သည် ပြီးခဲ့သောတစ်လအတွင်း ရောဂါဖြစ်ပွားမှုပေါင်း ၆၆၀၀၀ ကျော်ကို ထည့်သွင်းထားပြီးဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြထားသည်။

ပြီးခဲ့သောရက်သတ္တပတ်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသည့် ကလေးငယ် ၁၃၀၀၀ ကျော်ကို စစ်ဆေးတွေ့ရှိခဲ့သည်။


လွန်ခဲ့သည့်ခြောက်လအတွင်း အမေရိကန်ပြည်ထောင်စုတွင် ကလေးရောဂါဖြစ်ပွားမှုမှာ ပျမ်းမျှအားဖြင့် ၃၀၀၀၀ ခန့် မြင့်တက်လာခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဗီဇပြောင်းမျိုးကွဲများနှင့် ဆက်စပ်သည့် ရောဂါခံစားရမှုအပါအဝင် ရေရှည်အကျိုးသက်ရောက်မှုများနှင့် ပတ်သက်ပြီး အသက်အရွယ်အလိုက် အချက်အလက်များ စုဆောင်းရန်လိုအပ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ကလေးငယ်များနှင့် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုဘဝအပေါ် ရေရှည်အကျိုးသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ဖြေရှင်းရန်လည်း အရေးကြီးကြောင်း အစီရင်ခံစာအရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အောင်ကျော်ကျော်**

ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်ရှိ "စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေး" ဆိုင်ရှေ့၌ ဓားပြတိုက်လုယက်မှု ကျူးလွန်ခဲ့သည့် တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိ။




❍ ကျောဖုံးမှ

သို့ဖြစ်၍ လုံခြုံရေးပူးပေါင်းအဖွဲ့က ဖြစ်စဉ်နေရာသို့ သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ရာ ဆိုင်အတွင်း တပ်ဆင်ထားသည့် CCTV မှတ်တမ်းများအရ စိစစ်ဆဲ အမျိုးသား သုံးဦးသည် ဓားပြတိုက်လုယက် ယူဆောင်သွားသည့် ငွေကြေးများအား ယာဉ်အမှတ်၊ YGN–5D/2975 Nissan March (အနက်ရောင်)ယာဉ်ဖြင့် သယ်ဆောင်ထွက်ခွာသွားကြောင်း သိရှိရသဖြင့် ဓားပြတိုက်လုယက်သူများ စီးနင်းလိုက်ပါသွားသည့်ယာဉ်အား စုံစမ်းစစ်ဆေးရာဖွေခဲ့ရာ ပြည်ကြီးတံခွန်မြို့နယ် ၅၁ လမ်း ၁၃၅ x ၁၃၆ လမ်းကြားရှိ ခြံဝင်းအတွင်း ဆက်စပ်တရားခံ တင်စိုးနှင့် ကျော်တင်ဦး(ခ)ငပိန်တို့ နှစ်ဦးကို ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်နှင့်အတူ ဖြစ်စဉ်ဖြစ်ပွားပြီး နာရီပိုင်းအတွင်း ဖမ်းဆီးရမိခဲ့သည်။

**သိမ်းဆည်းရမိ**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မတ် ၂၈ ရက် ညပိုင်းတွင် ချမ်းမြသာစည်မြို့နယ် ချမ်းမြသာစည်တောင်ရပ်ကွက် ရွှာလမ်း အကွက်အမှတ်(၈၆၂)တွင် တရားခံ ဆန်းဝင်းအား ဖမ်းဆီးရမိခဲ့ပြီး အမရပူရမြို့နယ် မြစ်ငယ်မြို့ ခနဲ့ကျေးရွာ၌ ဖမ်းဆီးရန်ကျန် တရားခံ ကျော်နိုင်၏ နေအိမ်မှ Sigsauer ပစ္စတို တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ၉ မမ ကျည် ၄၃ တောင့်၊ ဓားပြတိုက် လုယက်မှုတွင် ပါရှိသွားသည့် ငွေကျပ် သိန်း ၆၀၀၊ ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်မှုန့် ၂၂၈၀ ဂရမ်နှင့် WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ဖမ်းဆီးရမိတရားခံ ဆန်းဝင်း၏ ထွက်ဆိုချက်အရ ပြည်ကြီးတံခွန်မြို့နယ် ၁၄၂ လမ်း ၆၁ x ၆၂ လမ်းကြား၌ တရားခံ တင်စိုး(ခ)ရခိုင်အား ဓားပြတိုက် လုယက်မှုတွင် ပါရှိသွားသည့် ငွေကျပ် ၂၃၅ သိန်းနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ တရားခံဆန်းဝင်းသည် ၁၉၉၄ ခုနှစ်တွင် တာချီလိတ်မြို့၌ တရားမဝင်ရေးဟောင်းပစ္စည်း ရောင်းဝယ်ပြုလုပ်မှုဖြင့် တာချီလိတ် မြို့မရဲစခန်းတွင် ဖမ်းဆီးခံခဲ့ရပြီး ကျိုင်းတုံအကျဉ်းထောင်၌ ထောင်ဒဏ် သုံးနှစ် ကျခဲ့ကြောင်း၊ ၂၀၀၂ ခုနှစ် ဇန်နဝါရီလတွင် ကလောမြို့ မြို့အဝင်စစ်ဆေးရေးဂိတ်၌ ဘိန်းမည်း ငါးပိဿာနှင့်အတူ ဖမ်းဆီးခံခဲ့ရကာ ထောင်ဒဏ်နှစ် ၃၀ ထပ်မံကျခဲ့ပြီး ၂၀၁၉ ခုနှစ် ဧပြီ ၁၇ ရက်တွင် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လည်လွတ်မြောက်လာခဲ့သူဖြစ်ကြောင်း။

တရားခံ တင်စိုး(ခ)ရခိုင်သည် ၂၀၀၃ ခုနှစ်တွင် မူးယစ်ဆေးဝါးမှုဖြင့် ကချင်ပြည်နယ် မိုးညှင်းမြို့မရဲစခန်း၌ ဖမ်းဆီးခံခဲ့ရပြီး မြစ်ကြီးနား အကျဉ်းထောင်တွင် ထောင်ဒဏ် ခုနစ်နှစ်ကျခံခဲ့ရကာ ၂၀၀၉ ခုနှစ်တွင် ပြစ်ဒဏ်စေ့သဖြင့် ပြန်လည် လွတ်မြောက်လာခဲ့သူဖြစ်ကြောင်း။

တရားခံ ဆန်းဝင်း၏ ထွက်ဆိုချက်အရ ဓားပြတိုက်လုယက်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ပစ္စတိုနှစ်လက်နှင့် ခဲယမ်းများအား ၂၀၂၂ ခုနှစ် ဒီဇင်ဘာလခန့်တွင် ဖယ်ခုံမြို့နယ် လအိကျေးရွာသို့ သွားရောက်၍ ဖမ်းဆီးရန်ကျန် တရားခံ မောင်ဆန်းထံမှ ငွေကျပ် ၁၀၂ သိန်းဖြင့် ဝယ်ယူခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ အကြောင်းမဲ့ လုပ်ကြံသတ်ဖြတ်မှု တစ်ကြိမ်နှင့် ဓားပြတိုက်လုယက်မှု သုံးကြိမ် ကျူးလွန်ခဲ့ကြောင်း သိရှိရသည်–

- ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် တရားခံ ဆန်းဝင်းသည် ဓားပြတိုက် လုယက်မှု ပြုလုပ်ရန်အတွက် အမရပူရမြို့နယ်အတွင်း လိုက်လံကြည့်ရှုစဉ် ညောင်ပင်ကုန်းကျေးရွာ (ဠ)ရပ်ကွက်၌ ရွှေဆွဲကြိုး၊ ရွှေလက်ကောက်များ ဝတ်ဆင်ထားသော ဒေါ်ခင်လတ်အား တွေ့ရှိ၍ ၎င်း၏ နေအိမ်ကို ဓားပြတိုက်လုယက်ရန် ကြိုတင်သတ်မှတ်ထားရှိခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဆန်းဝင်း ခေါင်းဆောင်၍ တင်စိုး(ခ)ရခိုင်၊ တင်စိုး၊ ကျော်တင်ဦး(ခ)ငပိန်၊ ဖမ်းဆီးရန်ကျန်တရားခံများဖြစ်သည့် တမောင်း၊ ကျော်နိုင်တို့သည် ဒေါ်ခင်လတ်၏ နေအိမ်အား ဝင်ရောက်ဓားပြတိုက်လုယက်ခဲ့ကြောင်း၊ ထိုသို့ ဓားပြတိုက်လုယက်နေစဉ် ဒေါ်ခင်လတ်၏မောင်ဖြစ်သူ ဒုရဲမှူး ဝင်းမင်းသန့် ရောက်ရှိလာပြီး ၎င်းတို့အား လုံးထွေးသတ်ပုတ်ဖမ်းဆီးခဲ့သဖြင့် တရားခံ ဆန်းဝင်းက ပစ္စတိုဖြင့် သုံးချက်ပစ်၍ လုပ်ကြံသတ်ဖြတ်ကာ နေအိမ်အတွင်းမှ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ကောက် သုံးကွင်း၊ ရွှေလက်စွပ် လေးကွင်း၊ ငွေကျပ်သိန်း ၃၀၀ နှင့် ဒုရဲမှူး ဝင်းမင်းသန့် ကိုင်ဆောင်သည့် ခြောက်လုံးပြူးတစ်လက်တို့ကို ဓားပြတိုက်လုယက် ယူဆောင် သွားခဲ့ကြောင်း၊ ဓားပြတိုက်လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများကို ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ "စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်" သို့ သွားရောက်၍ ငွေကျပ်သိန်း ၈၀ ဖြင့် ရောင်းချခဲ့ကြောင်း။
- မတ် ၁၁ ရက်တွင် တရားခံ ဆန်းဝင်းသည် ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက် ၂၆ x ၂၇ လမ်းကြားရှိ "ဒေါ်တော မုန့်တီဆိုင်" သို့ ပါဆယ် သွားရောက်ဝယ်ယူစဉ် ဆိုင်ပိုင်ရှင်မှာ ရွှေဆွဲကြိုးအကြီး တစ်ကုံးနှင့် ရွှေလက်ကောက်များ ဝတ်ဆင်ထားသည်ကို တွေ့ရှိသဖြင့် ဓားပြတိုက်လုယက်ရန် ကြိုတင်သတ်မှတ်ထားရှိခဲ့ကြောင်း၊ မတ် ၁၂ ရက်တွင် တရားခံ ဆန်းဝင်းနှင့် ဖမ်းဆီးရန်ကျန် တရားခံ တမောင်း တို့သည် "ဒေါ်တော မုန့်တီဆိုင်"သို့ သွားရောက်၍ ဆိုင်ပိုင်ရှင် ဒေါ်မာလွင်အား လက်နက်ဖြင့် ခြိမ်းခြောက်ကာ ရွှေဆွဲကြိုး တစ်ကုံး၊ ရွှေလက်ကောက် တစ်ကွင်းနှင့် ရွှေလက်စွပ် တစ်ကွင်းတို့ကို ဓားပြတိုက်လုယက်ယူဆောင်ခဲ့ကြောင်း၊ ဓားပြတိုက်လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများကို ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာ အနောက်ရပ်ကွက်ရှိ "စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်" သို့ သွားရောက်၍ ငွေကျပ်သိန်း ၄၀ ဖြင့် ရောင်းချခဲ့ကြောင်း။

စာမျက်နှာ ၁၅ သို့ ❍




၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် ညောင်ပင်ကုန်းရွာ(ဠ)ရပ်ကွက်တွင် ဓားပြတိုက်ခံခဲ့ရသည့် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မတ် ၁၂ ရက်တွင် ချမ်းအေးသာစံမြို့နယ် သီရိဟေမာ အနောက်ရပ်ကွက်၂၆ x ၂၇ လမ်းကြား၌ ဓားပြတိုက်လုယက်ခံရသည့် ဒေါ်တောမုန့်တီဆိုင် မှတ်တမ်းဓာတ်ပုံ။



၂၀၂၃ ခုနှစ် မတ် ၂၇ ရက်တွင် ချမ်းအေးသာစံမြို့နယ် အောင်နန်းရိပ်သာအနောက်ရပ်ကွက်၌ ဓားပြတိုက်လုယက်ခံရသည့် "စိန်ကျော်မိုးရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်"၏ မှတ်တမ်းဓာတ်ပုံ။



သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများ၏ မှတ်တမ်းဓာတ်ပုံ။



ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ငွေကျပ် ၈၃၅ သိန်း ပြန်လည်သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

# NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ၂၃၀ ကေဗွီ သထုံ – မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင် နှစ်တိုင်အား မိုင်းခွဲဖောက်ခွဲဖျက်ဆီးမှုအခြေအနေများကို သတင်းထုတ်ပြန်ခြင်း

၂၀၂၃ ခုနှစ်၊ မတ်လ ၂၉ ရက်

၁။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနသည် ပြည်သူလူထု၏ လိုအပ်လျက်ရှိသောလျှပ်စစ်ဓာတ်အားကို နည်းမျိုးစုံဖြင့် တိုးမြှင့်ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ စီမံဆောင်ရွက်နေသော်လည်း ယခုကာလများတွင် ပြည်သူလူထု၏လိုအပ်ချက်ကို လုံလောက်အောင် ဖြည့်ဆည်းပေးနိုင်မှုမရှိသဖြင့် ထုတ်လုပ်ပေးနိုင်မှုကိုအခြေခံ၍ မျှတစွာခွဲဝေခံစားရရှိနိုင်ရန် စီမံဆောင်ရွက်ဖြန့်ဖြူးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်နေသည့် ကာလတွင် NUG လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ပြည်သူများ၏ လျှပ်စစ်ဓာတ်အား လိုအပ်ချက်ကို ထုတ်လုပ်၊ ပို့လွှတ်၊ ဖြန့်ဖြူးပေးလျက်ရှိသော လျှပ်စစ်ပိုင်းဆိုင်ရာ အခြေခံအဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများ ရည်ရွယ်ချက်ရှိရှိဖြင့် ပြုလုပ်လျက်ရှိရာ ၂၇-၃-၂၀၂၃ ရက်နေ့တွင် မော်လမြိုင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံမှ ထွက်ရှိသည့် ဓာတ်အား(၈၀)မဂ္ဂါဝပ်ကို နိုင်ငံတော် ဓာတ်အားစနစ်သို့ ဓာတ်အားချိတ်ဆက်ဖြန့်ဖြူးပေးလျက်ရှိသည့် ၂၃၀ ကေဗွီ သထုံ-မော်လမြိုင် ဓာတ်အားလိုင်း၏ သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာ ဒုံသမိချောင်းအနီးရှိ တာဝါတိုင်နှစ်တိုင်ကို မိုင်းခွဲဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် တစ်တိုင်မှာ ပြိုလဲခဲ့ပြီး တာဝါတိုင်တစ်တိုင်မှာ အောက်ခြေ ခြေထောက်တစ်ချောင်း ပျက်စီးခဲ့ပါသည်။ အဆိုပါ တာဝါတိုင်များ ပြိုလဲပျက်စီးခဲ့မှုကြောင့် နိုင်ငံတော် ဓာတ်အားစနစ်သို့ ပို့လွှတ်လျက်ရှိသည့် ဓာတ်အား (၈၀) မဂ္ဂါဝပ် လျော့နည်းခဲ့ရပါသည်။





၂၃၀ ကေဗွီ သထုံ – မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင်တစ်တိုင် မိုင်းခွဲဖျက်ဆီးခံရ၍ ခြေထောက်တစ်ချောင်း ပျက်စီးနေပုံ။







၂၃၀ ကေဗွီ သထုံ – မော်လမြိုင် ဓာတ်အားလိုင်း တာဝါတိုင်တစ်တိုင် မိုင်းခွဲဖျက်ဆီးခံရ၍ ပြိုလဲပျက်စီးနေပုံ။

၃။ သို့ပါ၍ ယနေ့အချိန်ထိ NUG လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ရည်ရွယ်ချက်ရှိရှိဖြင့် အများပြည်သူသို့ လျှပ်စစ်ဓာတ်အားဖြည့်ဆည်းပေးလျက်ရှိသည့် လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဓာတ်အားခွဲရုံများအား ဖောက်ခွဲဖျက်ဆီးခဲ့သည့်အကြိမ်ပေါင်း ၂၂၇ ကြိမ် ဖောက်ခွဲဖျက်ဆီးခဲ့ရာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့်လည်း လုံခြုံရေးအဖွဲ့များနှင့်ပူးပေါင်းကာ ပြင်ဆင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

❍ စာမျက်နှာ ၁၄ မှ

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ ဆန်းဝင်းသည် ဓားပြတိုက် လုယက်ယူဆောင်လာသည့် ရွှေထည်ပစ္စည်းများကို “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်”သို့ သွားရောက်ရောင်းချစဉ် ဆိုင်အတွင်း၌ ငွေစက္ကူများအား ဆာလာအိတ်ဖြင့် ထည့်ထားသည်ကို တွေ့ရှိခဲ့သဖြင့် ၎င်းဆိုင်အား ဓားပြတိုက်ရန် စီစဉ်ခဲ့ပြီး ဓားပြတိုက်လုယက်ရာတွင် အသုံးပြုရန် Nissan(အနက်ရောင်) လိုင်စင်မဲ့ ယာဉ်တစ်စီးအား ဝယ်ယူခဲ့ကြောင်းနှင့် တရားခံကျော်တင်ဦး (ခ)ငပိန်သည် ရွှေဆိုင်ဝန်ထမ်းများ ငွေစက္ကူများ သယ်ယူမည့်အချိန်ကို ကြိုတင်စောင့်ကြည့်လေ့လာ၍ ဓားပြတိုက်လုယက်ရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ထို့နောက် မတ် ၂၇ ရက် ညနေပိုင်းတွင် တရားခံ ဆန်းဝင်း၊ တင်စိုး (ခ)ရခိုင်၊ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် တမောင်း၊ ကျော်နိုင်တို့သည် လက်နက်များကိုင်ဆောင်ကာ “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေရောင်းဝယ်ရေးဆိုင်”သို့ မော်တော်ယာဉ်ဖြင့် သွားရောက်ဓားပြတိုက်လုယက်ခဲ့ကြောင်း၊ ထိုသို့ ဓားပြတိုက်လုယက်စဉ် တင်စိုး(ခ) ရခိုင်က ၎င်းကိုင်ဆောင်လာသည့် ခြောက်လုံးပြူး သေနတ်ဖြင့် နှစ်ချက် ပစ်ဖောက်ခဲ့ပြီး ဝန်ထမ်းများအား ထိုင်ခိုင်းကာ ငွေစက္ကူများ ထည့်ထားသည့် ဆာလာအိတ်လေးအိတ်ကို ကားပေါ်သို့ ပြောင်းရွှေ့ တင်ဆောင်ကာ မောင်းနှင် ထွက်ပြေးခဲ့ကြောင်း၊ ယင်းနောက် ငွေစက္ကူအိတ်များနှင့် ဓားပြတိုက်လုယက်ရာတွင် အသုံးပြုသည့် သေနတ်သုံးလက်တို့အား မြစ်ငယ်မြို့ ခနဲ့ကျေးရွာရှိ ဖမ်းဆီးရန်ကျန် တရားခံ ကျော်နိုင်၏ နေအိမ်နှင့် တရားခံ တင်စိုး(ခ) ရခိုင်၏ နေအိမ်တို့တွင် နေရာခွဲ၍ သိမ်းဆည်းထားခဲ့ကြောင်း။

ထို့အပြင် ၎င်းတို့နှင့်အတူ သိမ်းဆည်းရမိသည့်မူးယစ်ဆေးဝါးများမှာ ဖယ်ခုံမြို့နယ် လအိကျေးရွာနေ ဖမ်းဆီးရန်ကျန် တရားခံ မောင်ဆန်းက ရောင်းချရန်အတွက် ပို့ဆောင်ပေးထားခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် ဓားပြတိုက် လုယက်မှု ကျူးလွန်ခဲ့သည့် တရားခံ အမျိုးသား လေးဦးအား Sigsauer ပစ္စတို တစ်လက်၊ Glock ပစ္စတို တစ်လက်၊ ခြောက်လုံးပြူး တစ်လက်၊ ၉ မမ ကျည် ၄၃ တောင့်၊ ဓားပြတိုက်လုယက်မှုတွင် ပါရှိသွားသည့် ငွေကျပ် ၈၃၅ သိန်း၊ ဘိန်းဖြူဟု ယူဆရသော ဖြူဝါရောင်မှုန့် ၂၂၈၀ ဂရမ်၊ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀၀၀ နှင့် ဓားပြတိုက်လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် မော်တော်ယာဉ်တို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အချိန်နှင့်တစ်ပြေးညီ မဆုတ်မနစ်ကြိုးပမ်းဖော်ထုတ်ခြင်း၊ တာဝန်သိပြည်သူအချို့ကလည်း အချိန်နှင့်တစ်ပြေးညီ သတင်းပေးပို့ပူးပေါင်းပါဝင်ခြင်းများကြောင့် ဓားပြတိုက် လုယက်ခဲ့သည့် ဖြစ်စဉ်အား ၂၄ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။




ဓားပြတိုက်မှုဖြစ်စဉ်မှ တရားခံများနှင့် သိမ်းဆည်းရမိသည့် လက်နက်/ခဲယမ်း၊ မူးယစ်ဆေးဝါး၊ ငွေကြေးများနှင့် မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ။

အဆိုပါ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဓားပြတိုက် လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများအား ထုခွဲရောင်းချရာ၌ တရားမဝင် လက်ခံဝယ်ယူခဲ့သည့် “စိန်ကျော်မိုး ရွှေသန့်စင်နှင့် မီးလင်းရွှေ ရောင်းဝယ်ရေးဆိုင်” ကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဓားပြတိုက်လုယက်မှုတွင် ပါဝင်ကျူးလွန်ခဲ့သည့် တရားခံပြေးနှစ်ဦးကိုလည်း ဆက်လက်ဖော်ထုတ်၍ အမြန်ဆုံးဖမ်းဆီးနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများအနေဖြင့် အဆိုပါတရားခံပြေးများအား တွေ့မြင်သိရှိရပါက လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒုစရိုက်မှုများ တားဆီးဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေးတို့အတွက် နေ့ညမပြတ် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သင်္ကြန်ယိမ်းအဖွဲ့များ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရိုက်ကူးရေးဆောင်ရွက်



နေပြည်တော် မတ် ၂၉

မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် မြန်မာ့ရိုးရာ မဟာသင်္ကြန်ပွဲတော်ကို နိုင်ငံတစ်ဝန်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့်လည်း "ခါသင်္ကြန်အဆိုအက" အစီအစဉ်ကို ယခင်နှစ်များနည်းတူ တင်ဆက်နိုင်ရေး ဌာနဆိုင်ရာများ၊ တက္ကသိုလ်နှင့်ကျောင်းများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များမှ သင်္ကြန်ယိမ်းအဖွဲ့များအား ရိုက်ကူးရေးဆောင်ရွက်လျက်ရှိသည်။

ယနေ့ မွန်းလွဲပိုင်းတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ သင်္ကြန်ယိမ်း အဖွဲ့များသည် နေပြည်တော် တပ်ကုန်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ လာရောက်၍ သင်္ကြန်တေးသီချင်းများဖြစ်သည့် "မင်္ဂလာရှိသောသင်္ကြန်၊ မန်းတောင်ရိပ်ခို" တေးသီချင်းများဖြင့် ရိုက်ကူးရေးဆောင်ရွက်ခဲ့ကြသည်။

ထို့နောက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ယိမ်းအဖွဲ့များသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ပင်မအဆောက်အအုံအတွင်း ရုပ်သံထုတ်လွှင့်ရေး လုပ်ငန်းများ ဆောင်ရွက်မှုနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ စိန်ရတုပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် ခေတ်အဆက်ဆက် ရုပ်သံထုတ်လွှင့်ရေး လုပ်ငန်းများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်နှင့် စက်ပစ္စည်းများ၊ ရုပ်သံထုတ်လွှင့်မှုလုပ်ငန်းစဉ် ခင်းကျင်းပြသထားမှုများ၊ မြန်မာ့ရိုးရာနှင့် ခေတ်ပေါ်တူရိယာများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက ရှင်းလင်းပြသမှုနှင့်အတူ မေးမြန်းမှုများအပေါ် ဖြေကြားခဲ့ကြသည်။

ယနေ့ မွန်းလွဲပိုင်းကလည်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်မှ ပျိုမေများယိမ်းအဖွဲ့က "တူးပို့တူးပို့" တေးသီချင်းဖြင့် လည်းကောင်း၊ ရန်ကင်းမြို့နယ် အခြေခံပညာ ကျောင်းများမှ ဆရာမများ၏ အလှမူယာယိမ်းအကအဖွဲ့က "ကဲကြမယ် ဒီရေပွဲ" တေးသီချင်းဖြင့် လည်းကောင်း ရိုက်ကူးရေး ဆောင်ရွက်ခဲ့ကြသည်။ **သတင်းစဉ်**

# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာမျှဝေမှုအစီအစဉ် လူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်

နေပြည်တော် မတ် ၂၉

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် (Family Quiz)ပွဲစဉ်(၁၁၁)ကို မတ် ၃၁ ရက်တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD Channel မှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်–၁၉ ဆိုင်ရာ အသိပညာမျှဝေမှုအစီအစဉ်ကို အစီအစဉ်တင်ဆက်သူ စိုးသီဟနှင့် သဲဆုဇော်တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရှင်တော်အသင်းမှ မိသားစုများ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၃၁ ရက်၊ ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV–HD မှ ည ၇ နာရီ ခန့်တွင် ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# "ရေတွေစိုစို $H_2O$" တေးဂီတဖျော်ဖြေပွဲ မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၉

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ်ဆန်းသစ်မှုအဖြစ် မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အကြို "ရေတွေစိုစို $H_2O$" တေးဂီတဖျော်ဖြေပွဲကို မတ် ၃၁ ရက် သောကြာနေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV–HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်ကို "$H_2O$ Music Band" အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် ဘုန်းသစ်၊ ဖိုးသား($H_2O$)၊ သဲနုဝါ၊ ယဉ်ဝေယံထွန်း၊ မြနန္ဒာ၊ မြတ်နိုးစံ၊ အိအိလှိုင်နှင့် ဖူးဇရီဆောင်းတို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်းနှင့် ထိုသို့တင်ဆက်မှုကို ဧပြီ ၂ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၀-၃-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၅၀ | ၂၂၀၀ | ၂၁၉၀ | ၂၁၆၀ | ၂၁၉၅ | ၂၂၂၀ | ၂၂၀၅ | ၂၁၈၀ | ၂၂၈၀ | ၂၂၉၅ | ၂၁၉၀ | ၂၂၀၀ | ၂၂၃၅ | ၂၂၃၅ | ၂၂၄၀ | ၂၄၆၅ | ၂၈၁၀ |
| 95 Ron | ၂၂၄၀ | ၂၂၉၀ | ၂၂၉၀ | ၂၂၅၀ | ၂၂၉၀ | ၂၃၁၅ | ၂၃၀၀ | ၂၂၇၅ | ၂၃၇၅ | ၂၃၉၀ | ၂၂၈၀ | ၂၃၀၀ | ၂၃၂၅ | ၂၃၃၀ | ၂၃၃၀ | ၂၅၆၀ | ၂၈၈၅ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၅ | ၂၁၄၅ | ၂၁၆၅ | ၂၁၆၀ | ၂၁၃၀ | ၂၂၅၀ | ၂၂၄၅ | ၂၁၃၅ | ၂၁၄၅ | ၂၁၈၅ | ၂၁၈၀ | ၂၁၈၅ | ၂၄၁၅ | ၃၁၀၀ |
| HSD (50 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၃၁၃၀ |
| HSD (10 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၅ | ၂၂၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၂၁၀ | ၂၃၃၀ | ၂၃၂၅ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၅ | ၂၄၉၅ | ၃၁၃၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၄၀ | ၂၁၁၄ |
| 95 Ron | ၂၁၃၀ | ၂၂၀၆ |
| HSD (500 ppm) | ၁၉၉၂ | ၂၀၆၁ |
| HSD (50 ppm) | ၂၀၆၆ | ၂၁၃၆ |
| HSD (10 ppm) | ၂၀၆၆ | ၂၁၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိတ်ဆွေပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ရမည်းသင်းခရိုင်အတွင်း စပျစ်စိုက်ဧက ၅၀၀၀ ခန့်ရှိ

ရမည်းသင်း မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် သဲကျွန်းအုပ်စု၊ အုတ်ဖိုအနောက်အုပ်စု၊ လယ်သာအုပ်စု၊ ကုလားမြော်ကျေးရွာအုပ်စုရှိ ကျေးရွာများတွင် စပျစ်စိုက်ပျိုးမှုမှာ ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးလာကြရာ လက်ရှိ၌ စပျစ်စိုက်ဧကမှာ ၅၀၀၀ ခန့်ရှိသည်။



စပျစ်ကို ကိုင်းဖြတ်ကူးစနစ်ဖြင့် စိုက်ပျိုးခြင်း၊ စင်တင်စနစ်ဖြင့် စိုက်ပျိုးခြင်းများရှိသည်။ ရမည်းသင်းခရိုင်အတွင်း စိုက်ပျိုးသည့် စပျစ်အမျိုးအစားများမှာ စားစပျစ်နှင့် ဝိုင်စပျစ်ဟူ၍ နှစ်မျိုးရှိပြီး အီတလီ NO.3၊ Red Global ပန်းရောင်နှင့် အစွှန်သီး အညိုများကို အများဆုံးစိုက်ပျိုးကြကြောင်း စပျစ်သီးနှံသည် ဖေဖော်ဝါရီလတွင် စတင်ထွက်ရှိပြီး မတ်လဆန်းမှ ဧပြီလအထိ လှိုင်လှိုင်ထွက်ရှိသည်။

ဈေးကွက်အနေဖြင့် ရမည်းသင်းခရိုင်မှ ထွက်ရှိသော စပျစ်သီးများကို ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မကွေး၊ ပဲခူး၊ နေပြည်တော်၊ ပခုက္ကူ၊ရေစကြို၊ မြစ်ကြီးနား၊ မူဆယ် မြို့များသို့ တင်ပို့ကြပြီး ပွဲရုံများနှင့် တိုက်ရိုက်ချိတ်ဆက်တင်ပို့ခြင်း၊ ကြားပွဲစားမှတစ်ဆင့် ရောင်းချခြင်းများရှိသည်။ ယခုနှစ်ဈေးကွက်တွင် ခြံပွဲစားကောက်ဈေးမှာ စပျစ်သီးတစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ မှ ၄၅၀၀ အထိရရှိပြီး လက်လီဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀ ခန့်ဖြင့် ရောင်းချလျက်ရှိကြောင်း၊ ယခင်နှစ်စပျစ်ပေါ်ချိန်တွင် ခြံပွဲစားကောက်ဈေးမှာ စပျစ်သီးတစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ မှ ၃၅၀၀ အထိ ရရှိပြီး လက်လီဈေးမှာ တစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ သာရရှိခဲ့သည်။

ဝိုင်အတွက် စိုက်ပျိုးသောစပျစ်မှာ စိုက်ပျိုးသည့်တောင်သူ အနည်းငယ်သာရှိ၍ ကုမ္ပဏီနှင့် ချိတ်ဆက်ရောင်းချရပြီး ဝိုင်ထုတ်လုပ်သူအနည်းငယ်သာရှိကြောင်း၊ လက်ရှိတွင် စပျစ်ဝိုင်တစ်ပုလင်းလျှင် ငွေကျပ် ၁၀၀၀၀ ခန့်ရှိကြောင်း၊ စပျစ်သည် နှစ်ရှည်သီးနှံဖြစ်၍ အကျိုးအမြတ်များစွာရှိသဖြင့် ပိုမိုစိုက်ပျိုးလာကြပြီး စပျစ်မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန်လည်း ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ ■

# ကျောက်ဆည်ခရိုင်တွင် ငရုတ်များ လှိုင်လှိုင်ထွက်ရှိ

ကျောက်ဆည် မတ် ၂၉

မန္တလေးတိုင်း ဒေသကြီး ကျောက်ဆည်ခရိုင်သည် စိုက်ပျိုးရေးကို အခြေခံ၍ နွေ၊ မိုး၊ ဆောင်းဥတု သုံးပါးနှင့်အညီ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးသည့် ဒေသဖြစ်ရာ တောင်သူများအနေဖြင့် ငရုတ်သီးနှံကို အားထားစိုက်ပျိုးလာကြသည်။

ကျောက်ဆည်ခရိုင်တွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငရုတ်စိုက်ပျိုးရန် ဧက ၅၆၄၀ လျာထားသော်လည်း အမှန်စိုက်ဧကအနေဖြင့် ကျောက်ဆည်မြို့နယ်တွင် ၅၀၂၁ ဧက၊ စဉ့်ကိုင်မြို့နယ်တွင် ၉၆၅ ဧက၊ မြစ်သားမြို့နယ်တွင် ၂၅၁၁ ဧက စုစုပေါင်း ၈၄၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ၆၂၀၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၅၅၆ ပိဿာထွက်ရှိပြီး တစ်ဧကကုန်ကျစရိတ်အနေဖြင့် မျိုး၊ လုပ်သားခ၊ သွင်းအားစုများအပါအဝင် စုစုပေါင်း ၁၅ သိန်းခန့် ကုန်ကျကြောင်း၊ ငရုတ်မျိုးအနေဖြင့် သာမို၊ ဒီမွန်၊ အက်စတာ၊ ၆၂ မျိုးများကိုစိုက်ပျိုးကြပြီး ရာသီဥတုဒဏ်နှင့် ပိုးမွှားဒဏ်ခံနိုင်ပြီး သီးနှံအရည်အသွေးကောင်း၍ အထွက်နှုန်း ကောင်းမွန်သော ၆၂ မျိုးများကိုသာ ပိုမိုစိုက်ပျိုးလာကြကြောင်း သိရသည်။



ငရုတ်ဈေးနှုန်းအနေဖြင့် ငရုတ်အစို တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ မှ ၃၀၀၀ ရှိခဲ့ပြီး ယခုအချိန်တွင် ငွေကျပ် ၄၀၀၀ မှ ၄၅၀၀ နှင့် ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ မှ ၈၀၀၀ ရှိရာမှ ယခု အချိန်တွင် ငွေကျပ် ၉၀၀၀ မှ ၁၀၀၀၀၊ အညှာခြွေပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀၊ ငရုတ်သီးမှုန့် တစ်ပိဿာလျှင် ငွေကျပ် ၁၅၅၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

# ပြောင်းဖူး ဈေးကောင်းရနေ

ကျောက်ဆည် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်သည် မြေဆီမြေသြဇာကောင်းမွန်သော ဒေသဖြစ်ပြီး စပါး၊ နှမ်း၊ ငရုတ်စသည့် သီးနှံမျိုးစုံစိုက်ပျိုးသည့်အပြင် လယ်မြေများနှင့် ဥယျာဉ်ခြံမြေများတွင် စိုက်ပျိုးမှုအများဆုံးနှင့် လူကြိုက်အများဆုံး သီးနှံဖြစ်သည့် ပြောင်းဖူးများကို စီးပွားဖြစ်စိုက်ပျိုးလာကြရာ ကျောက်ဆည်ခရိုင်တွင် ပြောင်းဖူး ဧက ၅၀၀ စိုက်ပျိုးထားပြီး ယခုအချိန်ထိ ၁၃၃ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်း သိရသည်။

ပြောင်းဖူးစိုက်ပျိုးမှုတွင် ကုန်ကျစရိတ်အနေဖြင့် သွင်းအားစုအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၂၅၀၀၀၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးသည့်မျိုးများမှာ သကြားပြောင်း၊ ထောပတ်ပြောင်း၊ အစေးပြောင်း (ခ)ရှမ်းပြောင်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။ ခရိုင်အတွင်း အများဆုံးစိုက်ပျိုးသောရွာများမှာ မြစ်သားမြို့နယ်၊ သိုတန်ကျေးရွာ၊ ပုဏ္ဏားရွာကျေးရွာ၊ ကျောက်ဆောက်ကုန်းကျေးရွာများတွင် သကြားပြောင်းများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး သုံးလကျော်အကြာတွင် ပြောင်းဖူးများ စတင်ခူးဆွတ်၍ ရောင်းချရကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ပြောင်းဖူး ၄၀၀၀ ဖူးခန့် ထွက်ရှိကြောင်း၊ သကြားပြောင်းဖူးဈေးနှုန်းများမှာ အရွယ်အစားအလိုက် လက်လီဈေးနှုန်းအနေဖြင့် ၃-၄ ဖူးလျှင် ငွေကျပ် ၁၀၀၀ တို့ဖြင့် ရောင်းချလျက်ရှိပြီး ဖောက်သည် (လက်ကား) ဈေးနှုန်းအနေဖြင့် ပြောင်းဖူးတစ်ဖူးလျှင် ငွေကျပ် ၁၅၀၊ ပြောင်းဖူးပြုတ် တစ်ဖူးလျှင် ငွေကျပ် ၅၀၀ ဈေးနှုန်းများဖြင့် ရောင်းချလျက်ရှိရာ ယခုနှစ်ပြောင်းဖူးစိုက်ပျိုးမှုတွင် ယခင်နှစ်ထက် ပိုမို၍ အကျိုးအမြတ်များရရှိကြောင်း သိရသည်။

**သတင်းအရင်းအမြစ်**
**စီးပွား/ကူးသန်း**

# မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန် မတ်လအတွင်း ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၀၁၇ သန်း ဆောင်ရွက်နိုင်

မူဆယ် မတ် ၂၉

မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်အနေဖြင့် မတ် ၂၈ ရက်တွင် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၁ ဒသမ ၈၃၆ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၃၅၈ သန်း၊ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၄ ဒသမ ၁၉၄ သန်း ဆောင်ရွက်နိုင်ခဲ့သည်။

အများဆုံးတင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများမှာ ပဲတီစိမ်း ၅၇၂ ဒသမ ၂၅တန်၊ ပဲယဉ်း ၁၆၉ ဒသမ ၇ တန်၊ ကြက်သွန်နီ ၄၈၈ တန်၊ ဖရဲသီး ၁၂၅၄ ဒသမ ၈ တန်၊ငါးရှဉ့် ၃၀ ဒသမ ၂ တန်၊ ကြေးနီ ၃၃ ဒသမ ၅ တန်၊ သခွားမွှေး ၄၄၅ ဒသမ ၂ တန်၊ ကဏန်း ၁၇ ဒသမ ၆၇၅ တန်၊ ပုစွန်ဖွဲ့ ၁၂၉ ဒသမ ၅ တန်နှင့် ပဲလွန်းဖြူ ၁၀၂ တန်တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ဆက်သွယ်ရေးလုပ်ငန်းသုံးကြိုးဆက်ပုံး၊ ဖလင်ပြား၊ လျှပ်စစ်မော်တာ၊ ဘက်ထရီ၊ ဟင်းချိုမှုန့်၊ လိမ္မော်သီး၊ ဘိလပ်မြေအိတ်ခွံ၊ စက်ဘီး၊ လက်တွန်းလယ်ထွန်စက်နှင့် တစ်ရှူးအစိုတို့ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၆၃ ဒသမ ၈၄၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၃ ဒသမ ၁၇၆ သန်း၊ ကုန်သွယ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၁၁၇ ဒသမ ၀၁၇ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး ဖြစ်သည်။ MACCS စနစ်အရ ငွေလဲနှုန်း တစ်ယွမ်လျှင် ၃၀၄ ဒသမ ၀၂ ကျပ်ဖြင့် တွက်ချက်ထားရှိခြင်းဖြစ်ပြီး လက်ရှိတွင်ကုန်သွယ်မှုလမ်းကြောင်း ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

# ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း မတ် ၂၉

ကော့သောင်းကုန်သွယ်ရေးစခန်းသည် ထိုင်းနိုင်ငံသို့ ရေထွက်ပစ္စည်းများကို FOB စနစ်ဖြင့် အဓိကတင်ပို့နေသော ပို့ကုန်အသာစီးရသည့် စခန်းတစ်ခုဖြစ်သည်။ အဓိကတင်ပို့နေသော ပစ္စည်းများမှာ ငါးမျိုးစုံ၊ ငါးစည်ဖောင်း၊ ပုစွန်၊ ငါးဆားနယ်၊ ကဏန်း၊ ကင်းမွန် (စို/ခြောက်)၊ ခရုနှင့် ငါးမုတ်၊ သီဟိုဠ်စေ့၊ ဆီအုန်းတို့ ဖြစ်သည်။

၂၀၂၃ ခုနှစ် မတ်လ ၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပို့ကုန်တန်ချိန် ၂၀၇၂၂ တန်၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၂၀ ဒသမ ၁၁ သန်း၊ သွင်းကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၂ ဒသမ ၂၉၈ သန်း ဆောင်ရွက်ခဲ့ပြီး ကုန်သွယ်မှုပမာဏ အမေရိကန် ဒေါ်လာ ၂၂ ဒသမ ၄၀၈ သန်း ကုန်သွယ်မှုပြုနိုင်ခဲ့သည်။ အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်းမှာ ငါးမျိုးစုံနှင့် ကင်းမွန်၊ ဆီအုန်း၊ ဓနိအုန်း၊ ဓနိဖက်၊ ဆီအုန်းစွန့်ပစ်ပစ္စည်းတို့ဖြစ်ပြီး အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်းများမှာ ပီလောပီနံမှုန့်၊ ကြွေပြား၊ ဆား၊ ကုန်စုံ၊ စတီးဝါယာကြိုး၊ ဒီဇယ်၊ ဓာတ်ဆီ၊ ဆီလီကွန်၊ ဆာလဖာ၊ ကျောက်ချဉ်၊ မီးသွေးမှုန့်၊ ရေသန့်စင်စက်၊ ရေကူးကန်သုံးအပိုပစ္စည်း၊ နိုင်လွန်ကြိုး၊ ငါးဖမ်းပိုက်ကွန်၊ ငှက်သိုက်၊ သင်္ဘောအပိုပစ္စည်း၊ ငါးထည့်သည့်ခြင်း၊ ရေခဲပုံး၊ ဖိနပ်ကုန်ကြမ်း၊ ထုံးမှုန့်၊ ဆိုးဆေး၊ ကန့်၊ သားရေကြိုး၊ ဘောင်းဘီမျှော့ကြိုး၊ ဓာတုကုန်ကြမ်းပစ္စည်းတို့ဖြစ်ကြောင်း သိရသည်။

# ဆောင်းကြက်သွန်နီ ဈေးကွက်အတွင်း ပိုမိုဝင်ရောက်လာ

မြင်းခြံ မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင်တွင် ဆောင်းကြက်သွန်နီကို အောက်တိုဘာလ၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စတင်စိုက်ပျိုးခဲ့ပြီး ဖေဖော်ဝါရီလ၊ မတ်လနှင့် ဧပြီလတို့တွင် ထွက်ပေါ်ရာယခုအချိန်တွင် ဆောင်းကြက်သွန်နီ(ခေါ်) နွေကြက်သွန်နီများ ထွက်ပေါ်နေပြီဖြစ်သည်။

ဆောင်းကြက်သွန်နီဈေးနှုန်းများအနေဖြင့် မတ်လ(ဒုတိယပတ်)တွင် အကြီးတစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ မှ ၁၂၀၀၊ အလတ်တစ်ပိဿာလျှင် ငွေကျပ် ၈၀၀မှ ၉၀၀၊ အသေးတစ်ပိဿာလျှင် ငွေကျပ် ၆၀၀ မှ ၇၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ကြက်သွန်နီဝင်ရောက်မှုအနေဖြင့် မြင်းခြံဈေးကွက်သို့ တစ်ရက်လျှင် ကုန်ချိန် ပိဿာ ၃၂၀၀၀ ကျော် နေ့စဉ်ဝင်ရောက်ခဲ့ကြောင်း၊ မတ်လ (တတိယပတ်)တွင်လည်း ဈေးနှုန်းပြောင်းလဲမှုမရှိဘဲ ယခင်အပတ်အတိုင်း ရောင်းဝယ်မှုဖြစ်ခဲ့ပြီး ကုန်ချိန်ဝင်ရောက်မှုအနေဖြင့် တစ်ရက်လျှင် ပိဿာချိန် ၆၃၀၀၀ ကျော် ဝင်ရောက်လျက်ရှိကြောင်း၊ ယခုတစ်ပတ်တွင် ယခင်အပတ်ထက် ကုန်ချိန်ပိဿာပေါင်း ၃၁၀၀၀ ကျော် ပိုမိုဝင်ရောက်ခဲ့ပြီး ဈေးကွက်တင်ပို့မှုများအနေဖြင့် ရန်ကုန်၊ နေပြည်တော်၊ မြဝတီနှင့် မော်လမြိုင်မြို့ကြီးများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။



# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် စာကြည့်တိုက်မှူးများအလုပ်ရုံဆွေးနွေးပွဲ တက်ရောက်



ရန်ကုန် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီက ကျင်းပသည့် ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်မှူးများ အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပခဲ့သည်။

**အဖွင့်အမှာစကားပြောကြား**

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းဗီဒီယိုပြသပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် စာကြည့်တိုက်မှူးများ အလုပ်ရုံဆွေးနွေးပွဲသည် စာကြည့်တိုက်မှူးများ၏ ကဏ္ဍကို မြှင့်တင်ပေးသည့် စာကြည့်တိုက်မှူးများ၏အတွေ့အကြုံများကို ဆွေးနွေးဖလှယ်နိုင်သည့် အခွင့်အရေးများရရှိသည့် လုပ်ငန်းဖြစ်ကြောင်း၊ အသိပညာဗဟုသုတရှိကြသည့် စာကြည့်တိုက်မှူးများအနေဖြင့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာမဖတ်သူ ပပျောက်ရေးကို စွမ်းဆောင်နိုင်မည်ဖြစ်ကြောင်း၊ စာကြည့်တိုက်မှူးများအနေဖြင့် စာအုပ်စာပေ ဖတ်ရှုလေ့လာမှုအပြင် ခေတ်နှင့်လိုက်လျောညီထွေ ဖြစ်စေရန်အတွက် ဒစ်ဂျစ်တယ်နည်းစနစ်များကိုလည်း လေ့လာရန်လိုအပ်ကြောင်း၊ မြန်မာ့ဗဟုသုတအပြင် ကမ္ဘာ့ရေးရာ ကိစ္စအဖြာဖြာမှာလည်း တတ်သိနားလည်သည့် အသိအမြင် ကျယ်ပြန့်သူများ ပေါ်ထွက်လာမည် ဖြစ်ကြောင်း၊ ယနေ့ကျင်းပသည့် စာကြည့်တိုက်မှူးများ အလုပ်ရုံဆွေးနွေးပွဲတွင် စာကြည့်တိုက်မှူးများကို ဒစ်ဂျစ်တယ်စနစ်အသွင် အဆင့်မြှင့်တင်ရေးကိုလည်း ဆွေးနွေးပေးစေလိုကြောင်း၊ ဖွင့်လှစ်ပြီးဖြစ်သည့် စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲပြီး ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကျန်ရှိသည့် စာကြည့်တိုက်များကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဥက္ကဋ္ဌ ဥပဒေချုပ် ဦးဋ္ဌေးအောင်က စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်အသင်းကိုယ်စားလှယ် ဒေါက်တာထွန်းအောင်ကျော်က ပြည်သူ့စာကြည့်တိုက်များ ရေရှည်တိုးတက်ရေး ဆောင်ရွက်ရမည့် နည်းလမ်းများကို လည်းကောင်း၊ မြန်မာနိုင်ငံ စာကြည့်တိုက်ဖောင်ဒေးရှင်း အတွင်းရေးမှူး ဦးတင်ကိုကိုက ပြည်သူ့စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရမည့်အချက်များကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်ဦးက ကမ္ဘာ့ပြည်သူ့စာကြည့်တိုက်များ၏ အခြေအနေကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။

**သုံးသပ်ဆွေးနွေး**


ယင်းနောက်အုပ်စု (၄) စုဖွဲ့၍ ခေါင်းစဉ် (၄) မျိုးအား ဆွေးနွေးခြင်း၊ မေးမြန်းခြင်းနှင့် ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး သဘာပတိများ ဖြစ်ကြသော ဒေါက်တာနန္ဒကျော်စွာ၊ ဦးမောင်မောင်ဦး(ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီ) ဒုတိယဥက္ကဋ္ဌနှင့် ဒေါက်တာ ထွန်းအောင်ကျော် (မြန်မာနိုင်ငံစာကြည့်တိုက်အသင်း) များက ဆွေးနွေးချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြောကြားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေး ကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးဋ္ဌေးအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

## မြေယာစီမံခန့်ခွဲရေး(ဆောင်းပါးချုပ်) စာအုပ် ဖြန့်ချိ

နေပြည်တော် မတ် ၂၉

ညီညီမင်း(ထွေ/အုပ်) စုစည်းပြုစုထားသည့် မြေယာစီမံခန့်ခွဲရေး (ဆောင်းပါးချုပ်) စာအုပ် ထွက်ရှိလာသည်။




အဆိုပါစာအုပ်တွင် တရားဥပဒေစိုးမိုးရေး၊ မြေယာကျူးကျော်မှု ပပျောက်စေရေး ကြိုးပမ်းပေး၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည့် မြေယာစီမံခန့်ခွဲမှု၊ မြေယာစီမံခန့်ခွဲမှုတွင် အဓိကကျသည့် မြေပုံ၊ ကွင်းမြေပုံနှင့် မြေစာရင်း မှန်ကန်ရေး ဦးစားပေးရန်နှင့် ဆောင်ရွက်သင့်သည့် One Map Myanmar စီမံကိန်း၊ မြေယာခွန်စည်းကြပ်ခြင်းနှင့် ခိုင်ကြေး၊ မြန်မာနိုင်ငံရှိ မြေအုပ်စု (၃) စုရှိ မြေမျိုး ၂၂ မျိုး စီမံခန့်ခွဲမှု၊ မြေအမျိုးအစားအမျိုးမျိုးပေါ်တွင် ကျူးကျော်နေထိုင်မှုအား ဖယ်ရှားဆောင်ရွက်ခြင်းနည်းလမ်းများ၊ မြေယာစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ပတ်သက်၍ ပြင်ဆင်ဖြေလျှော့ပေးထားသည့် လုပ်ထုံး/ လုပ်နည်းများနှင့် မူလ လုပ်ထုံး/ လုပ်နည်းများ စသည့် မြေယာစီမံခန့်ခွဲမှုဆိုင်ရာ အကြောင်းအရာများကို စုစည်းဖော်ပြထားသည်။

မြေယာစီမံခန့်ခွဲရေး(ဆောင်းပါးချုပ်) စာအုပ်ကို ဝယ်ယူလိုသူများ အနေဖြင့် ဖုန်း ၀၉-၄၂၈၄၆၀၀၈၂ သို့ ဆက်သွယ်ဝယ်ယူနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**



## ကော့မှူးမြို့နယ်၌(မြို့နယ်အဆင့်) ဘာသာရပ်စွမ်းရည်မြှင့် မွမ်းမံသင်တန်းဖွင့်လှစ်

ကော့မှူး မတ် ၂၉

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာမူလတန်း(မြို့နယ်အဆင့်) ဘာသာရပ်စွမ်းရည်မြှင့်မွမ်းမံသင်တန်းကို ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် မြို့သစ်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ကော့မှူး)ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်နုနုကြည်က သင်တန်းဖွင့်လှစ်ခြင်းဖြင့် မူလတန်းပြဆရာ ဆရာမများ၏ သင်ကြားမှုစွမ်းရည်များမြင့်မားတိုးတက်စေရန် ရည်ရွယ်၍ သင်တန်းများဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

သင်တန်းအား သင်တန်းနည်းပြဆရာ ဆရာမ ၃၀ က မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းအဆင့်ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် မူလတန်းပြဆရာ ဆရာမ ၄၃၇ ဦးတို့အား သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ မတ် ၂၈ ရက်မှ မတ် ၃၁ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မတ် ၂၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ် ညောင်ကိုင်းကြီးကျေးရွာနေ ကျော်သောင်းသည် ၎င်းအသုံးပြုသည့် “KO KYAW THAUNG” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် အမှတ်(၉)ရပ်ကွက်တွင် နေထိုင်ကြသူများဖြစ်သည့် ဇော်ဝင်းသန်း(ခ)ဇော်ဝင်းထွန်းနှင့် မျိုးမြင့်သိန်း(ခ)မင်းမင်းတို့သည် ၎င်းတို့ အသုံးပြုသည့် “Zaw Win Than” Facebook အကောင့်နှင့် “Min Min” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃) ကျင်းပ

လွိုင်ကော် မတ် ၂၉

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၃)ကို ယနေ့ မွန်းလွဲ ၃နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်က နိုင်ငံတော်မှ နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် မူဝါဒများချမှတ်ပြီး ရန်ပုံငွေများခွင့်ပြုပေးခြင်း၊ MSME လုပ်ငန်းများကို အားပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်း စီးပွားရေးဝန်းကျင်ကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် သက်ဆိုင်ရာဌာနများက လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကယားပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ (၁/၂၀၂၃)ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ်တွင် ဆောင်ရွက်ပြီးစီးမှု၊ ကွင်းဆင်းဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ မွေးမြူရေးဇုန်နှင့် Contract Ferming စနစ်ဖြင့် ပြောင်းစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားမှုအခြေအနေများကို ကော်မတီအတွင်းရေးမှူး ဒေါက်တာထွန်းထွန်းက တင်ပြဆွေးနွေးခဲ့သည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင်များက မိမိတို့ကဏ္ဍအလိုက် ဆောင်ရွက်နေမှုအခြေအနေများကို တင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပြည်နယ် (ပြန်/ဆက်)





## မုံရွာမြို့၌ အစိုးရပါဠိပထမပြန်စာမေးပွဲနှင့် ဓမ္မာစရိယစာမေးပွဲများ အေးချမ်းစွာဖြေဆို

မုံရွာ မတ် ၂၉

အစိုးရပါဠိပထမပြန်စာမေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ ဖူဆယ်အားကစားရုံ စာဖြေဌာနနှင့် မိုးလုံလေလုံခန်းမစာဖြေဌာနတို့၌ ယမန်နေ့က စတင်၍ အေးချမ်းစွာဖြေဆိုလျက်ရှိကြောင်း သိရသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲ ပထမနေ့တွင် ပထမကြီးတန်းတွင် ရဟန်း၊သာမဏေ၊ သီလရှင် စုစုပေါင်း ၁၆၈ ပါး၊ ပထမလတ်တန်းတွင် ၁၆၆ ပါး၊ ပထမငယ်တန်းတွင် ၂၅၄ပါး၊ အခြေပြုမူလတန်းတွင် ရဟန်း၊သာမဏေ၊သီလရှင်နှင့် လူပုဂ္ဂိုလ် စုစုပေါင်း ၃၄၃ ပါး/ဦး စုစုပေါင်းရဟန်းရှင်သာမဏေနှင့် သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၉၃၁ ပါး/ဦး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

၂၀၂၃ ခုနှစ် အစိုးရပါဠိပထမပြန် စာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ရာ ၂၀၂၃ ခုနှစ် ဓမ္မာစရိယစာမေးပွဲတွင် ပါရာဇိကဘာသာရပ်ကို မတ် ၂၀ ရက်မှ မတ် ၂၂ ရက်အထိ ၁၀၆ ပါး၊ သီလက္ခန္ဓဘာသာရပ်ကို မတ်၂၃ ရက်မှ မတ် ၂၄ ရက်အထိ ၁၂၄ ပါး၊ ဓမ္မသင်္ဂဏီ ဘာသာရပ်ကို မတ် ၂၅ ရက်မှ မတ် ၂၆ ရက်အထိ ၆၅ ပါး၊ မြန်မာ(ဂုဏ်ထူး)ဘာသာရပ်ကို မတ် ၂၈ ရက်တွင် ၂၀ ပါး၊ ပါဠိ(ဂုဏ်ထူး) ဘာသာရပ်ကို မတ် ၂၉ ရက်မှ မတ် ၃၀ ရက်အထိ ကိုးပါးဖြေဆိုမည်ဖြစ်ပြီး စာမေးပွဲကြီးကြပ်ရေးအဖွဲ့ ဩဝါဒဆရာတော်များ၊ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများက ပူးပေါင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဟိုပုံးမြို့၌ အစိုးရပါဠိပထမပြန် စာမေးပွဲများ ဖြေဆို

ဟိုပုံး မတ် ၂၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၃ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ သီရိမင်္ဂလာ သာသနဝ္ဗိမာန်၌ ဆက်လက်ဖြေဆိုလျက်ရှိသည်။

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးနှင့် အတွင်းရေးမှူး ဦးတင်ထူးမောင်တို့က ပါဠိပထမပြန်စာမေးပွဲ ဖြေလျက်ရှိသော ရဟန်း၊ သာမဏေနှင့် သီလရှင်များအား ဖူးမြော်ကြည်ညိုကြသည်။

ဟိုပုံးမြို့နယ်တွင် ပါဠိပထမပြန်စာမေးပွဲကို ဟိုပုံးမြို့နယ် သံဃနာယက ဥက္ကဋ္ဌ တုံခမ်းကျောင်းတိုက် ဆရာတော် ဦးအာလောကနှင့် မြို့နယ်သံဃနာယက အကျိုးတော်ဆောင် ဆရာတော်များ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနတို့က စာဖြေသံဃာတော်များ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ပါဠိပထမပြန် စာမေးပွဲတွင် ပထမကြီးတန်း ကိုးပါး၊ ပထမလတ်တန်း ၁၃ပါး၊ ပထမငယ်တန်း ၄၉ ပါး၊ အခြေပြု မူလတန်း ၁၅၄ ပါး စုစုပေါင်း ရဟန်း၊ သာမဏေနှင့် သီလရှင် ၂၂၅ ပါး ဝင်ရောက်ဖြေဆိုကြပြီး အဆိုပါစာမေးပွဲကို မတ် ၂၈ ရက်မှ ဧပြီ ၃ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ပအိုဝ်းဒေသ(ပြန်/ဆက်)

## ညောင်လေးပင်မြို့၌ ကျန်ရစ်သူအကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေး

ညောင်လေးပင် မတ် ၂၉

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Shwe Taung Development Co..Ltd. (မီးရထားလမ်းပိုင်း)တွင် တာဝန်ထမ်းဆောင်နေသော ဦးပြည့်စုံအောင်သည် လုပ်ငန်းခွင်အတွင်း ထိခိုက်သေဆုံးမှုအတွက် ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေလုံးငွေရင်းထုတ်ပေးခြင်းကို ယနေ့တွင် အဆိုပါ ကုမ္ပဏီရုံးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် လူမှုဖူလုံရေးအဖွဲ့ တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဦးဝင်းစိုးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါအကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး တိုင်းဒေသကြီး တာဝန်ခံအရာရှိနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေယံပိုင်တို့က ကျန်ရစ်သူမိသားစုဝင်ဖြစ်သော ဒေါ်စုလှဖြူအား ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်းငွေကျပ် ၇၂၀၀၀၀၀၀ ကို ထုတ်ပေးခဲ့သည်။

